
စိတ်ကူးချိုချိုအနုပညာ

# သော်တာဆွေ


## နှောင်းချစ်သူနဲ့အချစ်ရူး

ဝတ္ထုတိုများ




ဒုတိယအကြိမ်

mgyoe.com




# သော်တာဆွေ

## နှောင်းချစ်သူနဲ့အချစ်ရူး

ဝတ္ထုတိုများ

tts0019

2500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ကိုရွှေထူး
၂၀၁၅၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

နောင်းချစ်သူနဲ့အချစ်ရူး
သော်တာဆွေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၂၁၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) နောင်းချစ်သူနဲ့အချစ်ရူး

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နှောင်းချစ်သူနဲ့အချစ်ရူး

ဝတ္ထုတိုများ

## သော်တာဆွေ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နှောင်းချစ်သူ | ၁ |
| ၂။ | တွေးလေဆွေးမပြေ | ၁၃၉ |
| ၃။ | အချစ်ရူး | ၁၇၃ |
| ၄။ | ဂျပန်စစ်သားလေး ဝဲကျော် | ၁၈၇ |
| ၅။ | ချစ်ခြင်းငယ်ပြိုင် | ၁၉၅ |
| ၆။ | အမှိုက်မလေး | ၂၀၁ |


mgyoe.com

mgyoe.com

သံသရာတစ်ကွေ့
ဖန်လာတွေ့၍
ယနေ့ထက်တိုင်
မမေ့ရက်နိုင်သည့်
ဆွေ့သက်ပိုင်မလေးသူ
ဘဝပေးမတူ၍ ဝေးခဲ့ရ
ဆွေးတသသနှင့်
ရှေးကဖြစ်ကြောင်း
ပြန်ပြောင်း၍ ဖွဲ့ရသော်...

mgyoe.com

mgyoe.com

## နှောင်းချစ်သူ

# လေလွင့်လာသောကြွေပွင့်

မြစ်ကြီးနားသို့ စီးကရက်ဝယ်ရန်
ကျွန်ုပ်စိတ်သည် အမှန်စင်စစ် ကြည်လင်ရွှင်လန်းခြင်း
ကင်းမဲ့လျက်...
ဤနံနက်ပင် ချစ်ဇနီးထံသို့ ကြွေးများ မကြာမီရတော့မည့်။
ရလျှင်ရချင်း ပြန်ခဲ့မည်၊ မွေးခါစ ရင်သွေးကလေးကို
မြင်ချင်လှ၍ သမီးအကြီးကလေးကို လွမ်းလှကြောင်း
စာတစ်စောင် ရေးလိုက်သည်။
(၁၉၄၇)ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်နေ့ နံနက်ခင်း။

မြန်မာပြည် အထက်ဖျား၏ ဆောင်းတွင်းနှင်းထုသည် ဒက္ခိဏာယာဉ်စွန်းတန်းက နေဝန်း၏အလင်းကို ငြင်းဆိုနေတုန်း။ ကသာမြို့မီးရထားဝင်းအတွင်း အလုပ်သမား တန်းလျားရှည်ကြီး၏ အခန်းငယ်တစ်ခု၏ ရှေ့မျက်နှာစာတွင် ကုန်ရှုံးကြွေးကျန်နှင့် ပြန်ချင်လျက် မပြန်ရ၍ စိတ်လေလွင့်နေသော ကျွန်တော်သည် အထက်ပါမှတ်တမ်းကို ဒိုင်ယာရီ ရေးသားပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိကာ အိပ်ရာလိပ်တစ်ဖက်၊ အဝတ်သေတ္တာတစ်ဖက်နှင့် သက်ငယ်ဝါးထရံတို့ဖြင့်ပြီးသော အိမ်တန်းလျားကြီး၏ လှေကားသုံးထစ်ကိုနင်း၍ ဆင်းခဲ့ပါသည်။

mgyoe.com

mgyoe.com


ကျွန်တော့် မိတ်ဆွေများဖြစ်ကြသော မီးရထားလက်မှတ်စစ် ကိုလှငွေနှင့် ကိုအောင်ကြီးတို့သည် သူတို့၏ အထုပ်အပိုးများနှင့် ကျွန်တော့်ရှေ့ကပင် ဘူတာသို့ သွားနှင့်နေကြပေပြီ။ အထက်မြန်မာပြည် ဆောင်းရာသီ နံနက်ခင်းများ၌ ကသာမြို့၏နှင်းသည် ငှင်းထက် မိုင်တစ်ရာငါးဆယ်မျှ (ခန့်မှန်းချက်) အထက်ကျသော မိုးညှင်းမြို့လောက် မဆိုးရွားချေ။

ထို့ကြောင့် ကျွန်တော့်ရှေ့မှ ပေသုံးဆယ်မျှကွာနေသော ထိုမိတ်ဆွေနှစ်ယောက်၏ ကျောပြင်ကို ခပ်ထင်းထင်းပင် မြင်ရပေသည်။ မိုးညှင်းမြို့၌ဆိုလျှင်ကား ဆယ်ပေကကျော်လျှင် မမြင်တော့ပေ။

ဘူတာတစ်ခြမ်းက လက်ဖက်ရည်ဆိုင်ခန်းကို ကျွန်တော် ဝင်မိလျှင် ထွက်အံ့ဆဲဆဲ မီးရထားကြီးပေါ်သို့ ဟိုဟိုဒီဒီ မျှော်ကြည့်ပြီးဟန်ရှိသော ကိုလှငွေသည် ကျွန်တော့်ဆီကို ခြေလှမ်းကျဲကြီးများဖြင့် ပြန်လျှောက်လာကာ လေးလေးမှန်မှန် သူ၏ ပြောနေကျဟန်ဖြင့်...

"ဗျို့...ကိုဆွေ၊ လာစမ်းလေတော့ဗျာ၊ မြန်မြန်"

ကျွန်တော်သည် သူ၏မျက်နှာကို တစ်ချက်မျှ ထောက်လိုက်လျှင်ပင် သူ တစ်ခုခုတွင် စိတ်ဝင်စားနေပြီကို သိလိုက်ရသည်နှင့်...

"အင်း...ဆိုစမ်းလေတော့ဗျာ။ ခင်ဗျား လှူပ်ရှားခဲ့တဲ့ကိစ္စတစ်ရပ်ကို"

ကိုလှငွေသည် သူ၏ပင်ကိုအမူအရာအတိုင်း ညာဘက်မျက်ခုံးကို မြှင့်၍ ပါးရေတွန့်ကာ...

"အခု ရထားပေါ်မှာ ခင်ဗျားဖို့ လုပ်ငန်းစဉ်တစ်ခု ပေါ်နေတယ်ဗျ"

"အကျယ်ဖွင့်စမ်းပါဦး"

ကျွန်တော်တို့သည် တစ်ယောက်တစ်ယောက် တမင်လုပ်၍ ညွှန့်ညွှန့်ကွန့်ကွန့်လေး ပြောလေ့ရှိကြပါသည်။

"ဝိတ္ထာရကတော့ဗျာ တခြား ဟုတ်ပါရိုးလား၊ ဟိုတစ်ညသောအခါက ခင်ဗျားကို (၇၅)ကျပ်တိတိ တောင်းလိုက်တဲ့ မဒီချောကလေး၊ အခု ကျွန်တော်တို့ ပိုင်နက်တွင်းကို သက်ဆင်းနေတယ်ဗျ။ ကြည့်စမ်းပေတော့၊ ဟောဟိုတွဲပေါက်ကို ကြင်မဲ့သူ ကိုယ်တော်ဖျားကို မျှော်မနေသလိုလို"

ကိုလှငွေသည် လေးလေးရှည်ရှည်နှင့် ရွှင်တတ်သူဖြစ်ပါသည်။

mgyoe.com

mgyoe.com

ကျွန်တော်ကလည်း အောက်ကျမခံဘဲ…

"နှောင်ကြီးက ညီညီ့ကို မြှောက်စားတာဖြင့်လည်း "ကိုယ်တော်ဘုရား"လို့ ပီပီသသ ခေါ်တော်မူပါတော့။ ကျွန်တော်က ဒီအရပ်မှာ ဖျားမှာကို ကြောက်လွန်းလို့ဗျာ"ဟု ပြန်ရွှန်းရင်း သူ ပြရာကို လှမ်းကြည့်လိုက်သည်တွင် အထက်မြန်မာပြည် ရှမ်းရောင်ရှမ်းသွေးနှင့် ဖွေးဖွေးဖြူနေသော မျက်နှာကလေးတစ်ခုကို မြင်ရပေရာ မှုန်ရီမှုန်မွှား နှင်းငွေ့တွေအကြားမှာ ခပ်ဝါးဝါးနှင့် ဖြစ်နေသော်လည်း ဤမိန်းမငယ်၏ ဖြောင့်တန်းသောနှာတံ၊ ထင်ရှားသော မျက်ခုံးမွေးနှင့် ပေါ်လွင်သော မျက်နှာပေးတို့သည် မြင်ဖူး၊ တွေ့ဖူး၍ အမှတ်သညာထားခဲ့သော ကျွန်တော့်မျက်လုံးကို ဖြုန်းခနဲပင် သတိရစေလိုက်ပါသည်။

"ဟုတ်ပလေ…ကိုလှငွေ၊ ဒါထက် သူတစ်ယောက်တည်းပဲလား၊ သူ့ငနဲတွေ၊ ဘာတွေ ပါနေရင်ဖြင့် ကျွန်တော် ရှုပ်ရှုပ်ယှက်ယှက် မလုပ်ချင်ဘူးဗျာ"

ကိုလှငွေသည် သူ၏ညွှတ်နွဲ့သော နှုတ်ခမ်းကို ရှေ့သို့ယွန်းစုလိုက်ကာ "အို…ကိုယ့်နယ်ထဲ ရောက်နေတာများ စိုးရွံ့စရာလားဗျာ၊ ကိုယ့်ဆရာနယ် အောက်သားလုပ်နေပြီးတော့ ကြမ်းသင့်ရင်ကြမ်း၊ ရမ်းသင့်ရင်ရမ်း၊ ယဉ်သင့်ယဉ်၊ လျှင်သင့်ရင် လျှင်ပေါ့ဗျ။ ကျွန်တော်တို့ အောက်သားတွေဟာနက်ကို သင်းတို့ မလှန်နိုင်ပါဘူးဗျာ"

ကိုလှငွေသည် စာတော်တော်ဖတ်သူဖြစ်၍ စကားပြောလျှင် ဟန်တစ်မျိုးရှိသူ ဖြစ်ပါသည်။ ကျွန်တော်က ခေတ္တမျှ စဉ်းစားလိုက်ပြီး…

"ဒါတော့ ဟုတ်ပါတယ်ဗျာ၊ သို့သော် အခြေအနေအရ အသာမိကောလား၊ သာမိကောလားဆိုတာက ရှိသေးတာကိုးဗျ။ တကယ်လို့ တစ်ဖက်သားရဲ့ ထိုက်သင့်ကျေနပ်နေတဲ့ သာမိကောဆိုရင်ဖြင့် ကျွန်တော်တို့ ရိုင်းရာမကျပေဘူးလားဗျာ"

"အမယ်လေး…တရားရှင်ကိုယ်တော်မြတ်ကြီးရယ်၊ ဒါကြောင့်သူတို့အရင် မြစ်ကြီးနားမှာ မုတ်ဆိတ်ပျားစွဲခဲ့ရဲ့သားနဲ့ ဝတ်ခဲ့တာ"

ကိုလှငွေသည် မျက်လုံးကိုဖြဲ၍ ခပ်ပြုံးပြုံးပင် ပြောလိုက်ပြီးမှ…

mgyoe.com

"အခု သူ့ပုံပန်းကြည့်ရတာဖြင့် တစ်ယောက်တည်းလို့ အောက်မေ့ရတာပဲဗျာ။ သို့သော် ဒါထက် သေချာအောင် ဟိုကသာကြမ်းပိုးကို ခေါ်မေးရဦးမှပဲ။ ဟေ့...အောင်ခွေး...အောင်ခွေး၊ ဒီကို ခဏ"

ဘူတာရှေ့ ပလက်ဖောင်းဆီသို့ လှမ်းခေါ်လိုက်ရာ အတော်လည်ပတ်ဟန်ရှိသော အသက်နှစ်ဆယ်မျှအရွယ် အောင်ခွေးဆိုသော လူငယ်ရောက်လာသောအခါ ကိုလှငွေသည် ပခုံးကို ဆီးကိုင်၍...

"ဟေ့...အောင်ခွေး၊ ဟိုမှာကြည့်စမ်း မင်း သူ့ကို သိတယ်မဟုတ်လား"

အောင်ခွေးသည် ခဏမျှသာ ပြရာကို ကြည့်လိုက်ပြီး...

"ဟာ...ဆရာနှယ်၊ ကျွန်တော် ကာလသားလုပ်နေပြီး သူ့မှ မသိရင်လည်း"

"အေးအေး...ဒါဖြင့် မင်း သွားစုံစမ်းကွာ၊ အခု သူ ဘယ်သွားမှာလဲ၊ သူ တစ်ယောက်တည်းပဲလားဆိုတာကို"

အောင်ခွေးသည် လှုပ်ရှားခြင်းမရှိဘဲ...

"စုံစမ်းနေစရာ မလိုပါဘူး ဆရာ၊ ကျွန်တော် အားလုံး သိပြီးသားပါ။ ညက သူ့ကို အပိုင်စီးထားတဲ့ မိန်းမထိန်း အောင်သင်းကြီးနဲ့ သူနဲ့ ဘုကျလို့ ထွက်ပြေးလာပြီး အခု အင်းတော်ကို သွားမလို့တဲ့၊ နဘား လက်မှတ်ယူထားတယ်၊ သူတစ်ယောက်တည်းရယ်ပဲ။ ဆရာက ဘာလုပ်ချင်လို့တုံး။ ဆရာတို့ရဲ့ မီးရထားပေါ် ရောက်နေမှဟာ ဆရာတို့ သဘောရှိ ကရောပေါ့ဗျ။ ဟဲ...ဟဲ"

ကိုလှငွေသည် ရုတ်တရက် ဝမ်းသာသွားဟန်နှင့်...

"ဟေ...ဟုတ်လား၊ ကိုယ်တို့ သူ့ကို ကြံမ်းထားတာနဲ့တော့ အဆင်သင့်ပေါ့။ ကဲ...ကိုဆွေ ကြံပေတော့ဗျာ"

ဤတွင် အောင်ခွေးသည် ကျွန်တော့်ကို ကြည့်၍...

"ဟာ...ဒီနောင်ကြီးနဲ့ဆိုရင်တော့ ဘဲရိုးအီးဖိုးပေါ့ဗျာ။ ငနဲမက ရုပ်ဖြောင့်ဖြောင့်နဲ့ ခပ်တည်တည် ချူးတတ်မယ်ဆိုရင် သိပ်လွယ်တာဗျ။ အဲ...

mgyoe.com

သူ သဘောမကျတဲ့ လူဆိုရင်ဖြင့် ဘယ်လောက်ပေးပေး မရဘူးဗျို့။ ညက သူတို့ ဘုကျကြတာလည်း အဲဒီ သဘောမျိုးပေါ့"

"ဘယ်လိုများလဲကွ၊ မင်း သေသေချာချာသိရင် ပြောပြစမ်းပါဦး"

ကျွန်တော်သည် ဤမျှ ရုပ်လှလှနှင့် အရွယ်ကောင်းကလေးနှင့် ပျက်နေသော မိန်းကလေးအကြောင်းကို အကျယ်သိလို၍ မေးလိုက်ပါသည်။

အရပ်ပုပု၊ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းပျော့ပျော့နှင့် လူများအကြောင်းကို စပ်စုတတ်၍ အကြောင်းသိလျှင် ဖောက်သည်ချရန် လိုလားဟန်ရှိသော အောင်ခွေးသည် စိတ်ပါလက်ပါနှင့် ပြောပြသည်မှာ...

"ဟာ...ဆရာ့နှယ် ဖြစ်ပုံက ဒီလိုဗျ။ အောင်သင်းကြီးက ကောင်မလေး သဘောကျတဲ့လူနဲ့သာ အေးအေးဆေးဆေးခိုင်းပြီး စားနေတာ မဟုတ်ဘူး။ ညက ယစ်မျိုးဘက်က ပြိတ္တာကြီးလို လူတစ်ယောက်နဲ့ အတင်းခိုင်းသတဲ့ဗျာ။ ဒါနဲ့ ကောင်မလေးကလည်း အာဂသတ္တိဗျ၊ ငနဲကို ပြန်ဆော်လို့ ခွေးကောင်ကြီး မူးမူးနဲ့ လဲအကျန်ရစ်မှာ ထွက်ပြေးခဲ့တာ။ ညက အိမ်တစ်အိမ်မှာ ပုန်းအိပ်နေပြီး အခုမနက်တော့ အောင်သင်းကြီးရဲ့ ရန်စနက်ကို ကြောက်လို့ သူ လစ်လာရရှာတာဗျ။ အခု...ဟိုကောင်ကြီးကလည်း ဒီကောင်မ အင်းတော်မှာ အဆက်ရှိတယ်။ အင်းတော်ကို သွားမှာပဲဆိုပြီး အင်းတော်ထွက်မယ့် မော်တော်ကားတွေမှာ လိုက်ရှာနေတယ်ဗျ။ ဟိုမှာ မတွေ့ရင်ဖြင့် ဒီဘူတာကို လိုက်လာကြတော့မှာပဲ။ တွေ့ရင်တော့ ငနဲမလေး ဒုက္ခဗျ။ အောင်သင်းကြီးက မိုက်လည်းမိုက်၊ တော်တော်လည်း ရက်စက်တတ်တဲ့ ကောင်ကြီးဗျ"

အောင်ခွေးသည် သူနှင့် မည်သို့မျှ မဆိုင်သကဲ့သို့ ပြုံးလိုက်၊ မဲ့လိုက်နှင့် အားရပါးရ ပြောနေသည်ဖြစ်သော်လည်း ကျွန်တော့်စိတ်ထဲတွင်မူ လူမိုက်ရုပ်ရှိသော အောင်သင်းကြီးဆိုသူ၏ မျက်နှာကို မျက်စိထဲ၌ မြင်ယောင်လာကာ ဤမိန်းမငယ်အား သနားစိတ်များ တဖွားဖွား ပေါ်လာပါတော့၏။

ဤစကားမျိုးတွေကို နားကျင့်သားရဟန်ရှိသော ကိုလှငွေမူကား မည်သို့မျှ မထူးခြားရုံမက ဤနေရာ၌ အချက်ကောင်းရပြီဟု ယူဆဟန်နှင့်...

mgyoe.com

mgyoe.com

"ကဲ...ရှင်းပလား ကိုကြီးဆွေ၊ ခင်ဗျား ဒီနေရာမှာ ခေါင်းဆောင်လုပ်တော့၊ သွား...သွား၊ ဟိုကောင် ဘူတာရောက်မလာခင် ကောင်မလေးကို တွေ့ထားနှင့်ရင် ကောင်းမယ်"

ဤနေရာ၌ ကျွန်တော်၏ စိတ်သဘောထားအမှန်ကို ဖော်ပြရသော် ကျွန်တော့်မှာ ယင်းကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှု ပြုသည်တို့ကို ကြားရရုံနှင့်ပင် ရင်ထဲ၌ လှပ်လှပ်...လှပ်လှပ်ဖြစ်အောင် ကရုဏာသောက ရောက်တတ်သူဖြစ်လေရာ ထိုစဉ်တွင် ကျွန်တော့်မှာလည်း ဝေးလံလှသော တစ်ရပ်တစ်နယ်၌ စိတ်မအေး၊ လူမအားဖြစ်နေသောကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု ထိုမိန်းကလေးအား ဟိုလူမိုက်၏လက်ထဲမှ ကယ်ဆယ်ရန် ဆုံးဖြတ်၍ မျက်နှာထားတင်းလိုက်ကာ လက်ထဲက ပစ္စည်းများကို ကိုလှငွေသို့ ပေးအပ်ခဲ့ပြီး မီးရထားဆီသို့ ခြေဦးတည့်လိုက်ပါတော့သည်။

"ဒါမှ တို့ကိုဆွေကွ၊ အောက်သား သတ္တိတွေ ပြလိုက်စမ်း၊ နို့ပြီး မမေ့နဲ့ဦးနော်။ တစ်ယောက်ကောင်းစားရင်လည်း တစ်ယောက် မနော်"

■

mgyoe.com

mgyoe.com

# လွတ်နေသူ

ကသာရွှေမြို့တော်သတင်းကို ကျွန်တော် မန္တလေးကပင် ခပ်သင်းသင်း ကြားခဲ့ပါသည်။

ကျွန်တော်သည် (၁၉၄၆)ခုနှစ်တွင် အောက်အရပ်က ဆန်များကို အထက်ရပ်သို့ ယူငင်ရောင်းချခြင်းဖြင့် မန္တလေးမြို့တွင် ငါးလမျှ စတည်းချ နေခဲ့ဖူးပါသည်။

ထိုနှစ် နှိုဝင်ဘာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် လွတ်လပ်ရေး၏ ရောင်ခြည်ဦးသည် ပြည်လုံးကျွတ်သပိတ်ကြီးနှင့် ကြုံကြိုက်လေရာ၊ ကူးသန်းဆက်သွယ်မှုများ ပြတ်သွားသဖြင့် ကျွန်တော်တို့ အောက်ဆန်များကို မန္တလေးမြို့တွင် ဝယ်ယူသူမရှိလောက်အောင်ပင် လေးတွဲ့နေသောကာလ၌ ဆန်အိတ်နှစ်ထောင်မျှ လက်ဝယ်ရှိနေသော ကျွန်တော်တို့ တွဲဖက်စုသည် ကသာ၊ မြစ်ကြီးနား၊ ဗန်းမော်သို့ တစ်ဆင့်တက်ရောင်းရန် ဆုံးဖြတ်ချက် ချရတော့လေရာ၊ ကျွန်တော်တို့လူစု၌ ကျွန်တော်မှာ အငယ်ဆုံးဖြစ်သောကြောင့် ပထမဆုံး အစမ်းတက်ရန် တာဝန်ယူရတော့၏။

"ဗျို့...ကိုဆွေ၊ ခင်ဗျား ကသာသွားရင် သတိထားဗျနော်။ အဟဲဟဲ ခင်ဗျားကလေးတော့ မြင်ယောင်ပါသေးရဲ့ဗျာ"

mgyoe.com

mgyoe.com


သွားရန် စီစဉ်နေသောအခါ၌ ကျွန်တော်တို့နှင့် ရင်းနှီးသော မိတ်ဆွေများထဲမှ ၎င်းအရပ်ကို ရောက်ဖူး၊ ကြားဖူးသူတို့က သတိပေးစကား ပြောကြပါသည်။ တစ်ဦးလည်း မဟုတ်၊ နှစ်ဦးလည်း မဟုတ်၊ ပြောကြားသူတွေ များလှသဖြင့် ကျွန်တော် မျက်မှောင်ကုတ်မိကာ...

"နေစမ်းပါဦးဗျာ၊ ခင်ဗျားတို့ ကသာက ရန်ကုန်ထက်ပဲ ဆိုးဦးမှာလားဗျာ့"

ကျွန်တော်မှာ ပြည်ဒိစတြိတ်က တောရွာမွေးဖြစ်သော်လည်း ရန်ကုန်၌ နှစ်ပေါင်းများစွာ အဖြစ်မျိုး တော်တော်စုံအောင် ကျင်လည်ခဲ့ပြီ ဖြစ်သောကြောင့် သူတို့ သတိပေးစကားကို ပမာမခန့်ပင် ပြန်မေးလိုက်မိပါသည်။

သူတို့သည် ကျွန်တော့်စကားကို ခပ်ပေါ့ပေါ့ ရယ်ပစ်လိုက်ကြကာ...

"ခင်ဗျားက ရန်ကုန်ပါးဝနေတဲ့ လူပဲ၊ မမှုပါဘူးဆိုတဲ့ သဘောနဲ့ ပြောတာပေါ့လေ။ အထင်သေးတာပေါ့ဗျာ၊ ဟဲ...ဟဲ။ ဒါပေမဲ့ ကသာက ရန်ကုန်ထက် ထူးခြားတာကို ပြောရရင်ဖြင့် ကသာဟာ (ပ)ငါးလုံး ထွန်းတဲ့ အရပ်ဗျ"

"ဘယ်လို (ပ)ငါးလုံးလဲဗျ"

"ဟော...(ပ)ငါးလုံးဆိုတာကို သေသေချာချာ မှတ်သွားဗျနော်။ နံပါတ်တစ်–ပထမ ရောက်ရောက်ချင်း ပျင်းတယ်၊ ခင်ဗျား အတော့်ကို ပျင်းလိမ့်မယ်။ နံပါတ်နှစ်–တော်တော်ကြာတော့ ခင်ဗျား ပျော်လာရော၊ အရောက်နောက်ကျတယ် အောက်မေ့မိလောက်အောင်ကို ပျော်လာလိမ့်မယ်။ နံပါတ်သုံးကျတော့–ခင်ဗျား ပျက်ကရောဗျို့။ နံပါတ်လေးကတော့–ခင်ဗျား ပြောင်ကရော ခင်ဗျ။ ဟော...နံပါတ်ငါးလည်းကျရော–တစ်ခါတည်း ပြန်ပြေးခဲ့ရရောဗျို့။ အဲဒါကြောင့် ပျင်း၊ ပျော်၊ ပျက်၊ ပြောင်၊ ပြေး...ဆိုတဲ့ (ပ) ငါးလုံးကို ပြောတာဗျ"

ဤစကားငါးလုံးမှာ ဆက်စပ်ကြည့်လျှင် အဆီအငေါ်တည့်၍ ထူးခြားလှပေသည်။

mgyoe.com

mgyoe.com

သို့သော် လူလိုက်၍ ရှိပါသေးသည်။ ကြည့်ကြသေးတာပေါ့လေ။

ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကျွန်တော် လူတော်တစ်ယောက်ဟု ထင်နေတဲ့အကောင်။

မည်သို့ပင် ဖြစ်လင့်ကစား နို၀င်ဘာလကုန်ခါနီး၌ ကျွန်တော်သည် ဆန်အိတ်(၃၀၀)နှင့် ကသာမြို့သို့ ရောက်ခဲ့လေ၏။

ရောက်လျှင်ရောက်ချင်း ဤထူးခြားသော ဂုဏ်ဒြပ်ရှိသည့် ကသာမြို့ကို ကျွန်တော် သတိပြုမိသည်ကား ကသာမှာ ဒိစတြိတ်မြို့ကြီးဟု ပထဝီ၀င်ထဲ၌ ကျွန်တော်တို့ ငယ်စဉ်က အထင်ရောက်ခဲ့သကဲ့သို့ မဟုတ်ပေဘဲ ကျွန်တော်တို့ ပြည်လမ်းက နတ်တလင်း၊ ဇီးကုန်းမြို့လောက်မျှ မကြီးကျယ်ရုံမက စစ်ဒဏ်ကြောင့် တစ်မြို့လုံးပင် ပြာကျခဲ့သဖြင့် ယခုအချိန်တွင် သက်ငယ်မိုး၊ ထရံကာ အိမ်များသာရှိလျက် သစ်ပင်၊ ဥယျာဉ် ကင်းမဲ့နေသည်ဖြစ်၍ ကြည့်ရ၊ မြင်ရသည်မှာ ငြီးစီစီကြီး ရှိလှပေသည်။

ထို့အပြင်လည်း ထိုနှစ် အောက်တိုဘာလအတွင်းက မြန်မာပြည် အထက်ပိုင်း ငလျင်ဒဏ်ကြောင့် ကြီးကြီးမားမား ရှိသမျှသော ဘုရားစေတီတို့မှာ ပြိုကွဲပျက်ကျနေလေကုန်၏။

ထွန်းကားသည်ဆိုသော (ပ)ငါးလုံး၏ အရိပ်အငွေ့ပေလော မသိ။

ကျွန်တော် ရောက်ရောက်ချင်း ပထမဆုံး အခက်အခဲ တွေ့ရသည်မှာ မော်တော်ခမှာ မန္တလေးမှ ကသာအထိ ဆန်တစ်အိတ်လျှင် ကိုးကျပ်နှုန်း၊ အိတ်(၃၀၀) ငွေ(၂၇၀၀)ကျပ်ကျသည့်အနက်၊ မန္တလေးမှ စရန်(၁၀၀၀)ကျပ် ပေး၍ ကျန်ငွေ (၁၇၀၀)ကျပ်ကို ကသာရောက်လျှင် ပေးရမည်ဖြစ်လေရာ၊ ကျွန်တော်တို့ စီမံခဲ့သည်၌ (ထင်ခဲ့တာလေ) ကသာမြို့ကြီးရောက်လျှင်ဖြင့် ပွဲရုံကြီးတစ်ခုခုတွင် ဆန်အိတ်များကိုအပ်၊ (မန္တလေးမှာကဲ့သို့) ပွဲစားဆီက ငွေ(၁၇၀၀)ကျပ်တောင်း၊ မော်တော်ရှင်ကို ပေးရမည်ဖြစ်၏။

ယခုမူ ရေမရှိသောချောင်း နှာခေါင်းဖော် သေလိုက်ချင်တော့ ဆိုဘိသကဲ့သို့ ဖြစ်ရသည်ကား ထိုအချိန်၌ အထက်ဆန်များ ပြောက်ကျားပေါ်နေ၍လည်းကောင်း၊ အစိုးရဆပ္ပလိုင်းဆန်များ မရောက်စဖူး ထူးထူးခြားခြား

mgyoe.com

အများကြီးရောက်နေ၍လည်းကောင်း ကျွန်တော့် ဆန်တွေကို လုံးခနဲ ဝယ်မည့်သူ မဆိုထားဘိ၊ လက်ခံမည့် ပွဲရုံရှင်ပင် မတွေ့ရ။

အမှန်မှာ ကသာတွင် ပွဲရုံကြီးကြီးဟူ၍လည်း ဖြစ်ဖြစ်မြောက်မြောက် မရှိ။ ပွဲစားဆီ ငွေကြိုတောင်းဖို့ဆိုတာကတော့ မိမိကိုယ်မိမိ ရူးခဲ့လေသလားဟုပင် အောက်မေ့ရတော့သည်။ ဟိုစဉ်ကာလ မန္တလေးဘူတာတွင် ကျွန်တော့်ဆန်တွေ ဆိုက်ပြီဆိုလျှင် ပွဲရုံရှင်တို့၏ ဒလန်များ ခြေချင်းလိမ်အောင် လာသည်။ ယခု ကသာသဘော်ဆိပ်တွင်မူ ကျွန်တော့် မော်တော်သို့ ဘာကုန်တွေ ပါလာသလဲဟု မေးမည့်သူပင် များများစားစား မလာ၊ တစ်ယောက်တလေ လာခဲ့၍ ဆန်ဟု ပြောလိုက်သည်နှင့် သူတို့ စိတ်အိုက်နေကြသည်။

ထို့ကြောင့် ကျွန်တော့်ဆန်တွေမှာ ကုန်းပေါ်သို့တင်ရန် နေရာ မရသေးချေ။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်မြောက်သောနေ့တွင် မော်တော်ရှင်က အရေးဆိုလေပြီ။

"ငါးရက်ကကျော်လျှင် သူ မော်တော်အလုပ်သမားများနှင့် ဘားတွဲလှေက လူများအတွက် နေ့စဉ် ကျွန်တော်က စားစရိတ်ပေးရမည်"တဲ့။

မြို့ပေါ်သို့တက်၍ မန္တလေးမိတ်ဆွေများက မိတ်ဆက်စာများနှင့် ညွှန်ကြားပေးလိုက်သော အိမ်များဆီသို့ သွားပါသည်။ ထိုအိမ်များက လူကို ထမင်းစားဖိတ်ကြသော်လည်း ဆန်ထားရန် နေရာမပေးနိုင်။ သို့သော် တစ်ဦးသောအိမ်ရှင်ကမူ ဈေးဝင်းထဲ၌ ဂိုထောင်တစ်လုံးရှိကြောင်းနှင့် ဈေးခေါင်းကို မိတ်ဆက်ပေးလိုက်ပါသည်။

ကျေးဇူးတင်ပါ၏။ ဈေးကောက်ကိုတင်လုံးနှင့် ကျွန်တော်မိတ်ဆွေဖြစ်သွား၍ အဆင်သင့်ပင် ဆန်ထားရန် နေရာရပါသည်။ ကိုတင်လုံးသည် ကျွန်တော်နှင့် ရွယ်တူမျှဖြစ်၍ လူငယ်ချင်း ခင်မင်လွယ်သွားပါသည်။ သူလည်း မန္တလေးသား။

ကျွန်တော်က ငွေအရေးကြီးကြောင်းပြော၍ ကိုတင်လုံးသည် ဆန်အိတ်များကို ကုန်းပေါ်သို့မတင်မီ ရေထဲမှာပင် ရောင်းနိုင်သမျှ ရောင်းရအောင် သူ ကြိုးစားပေးပါသည်။ သို့သော် လက်ငင်းက နည်းနည်း၊ အကြွေး

mgyoe.com

mgyoe.com

က များများ၊ (သူ့အာမခံနှင့်) ရောင်းရသည်။ ဈေးကိုလည်း ကြည့်ပါဦး။ ကျွန်တော် လာခဲ့စဉ်က မန္တလေးတွင် ခုနစ်တင်းဝင် ဆန်အိတ်တစ်အိတ် ပေါက်ဈေး (၂၆)ကျပ်၊ ယခု မော်တော်ခက ကိုးကျပ်၊ ထို့ကြောင့် ကသာ အရောက် အရင်းသုံးဆယ့်ငါးကျပ် ကျနေသည်ကို (၂၈)ကျပ်ဈေးဖြင့် ရောင်း ရပါသည်။

ကျွန်တော် မန္တလေးတုန်းက ဆန်ဈေးကြားခဲ့သည်မှာ ကျွန်တော်တို့ အရပ်ထွက် ဧည့်မထဆန်များ သုံးတင်းဝင်တစ်အိတ်လျှင် သုံးဆယ်ကျပ် နှင့် လေးဆယ်ကျပ်အကြား။ ကံကောင်းလျှင် လေးဆယ့်ငါးကျပ်၊ ငါးဆယ် ကျပ် ရချိမ့်မည်။ ဖြစ်တုန်းက ဖြစ်ခဲ့ဖူးပေသကိုး။

ယခု ဤမက်တွေကို မေ့ပစ်၍ (၂၈)ကျပ်ဈေးသာ ရောင်းရပေရာ ဆန်အိတ်(၁၀၀)ကုန်သွားသော်လည်း လက်ငင်းငွေ (၁၀၀၀)ကျပ်မျှသာ ရပါသည်။ မော်တော်ရှင်အား ဤမျှသာပေးနိုင်၍ ကျန်ငွေ (၇၀၀)ကျပ်ကို မန္တလေးက ကျွန်တော့်လူများထံ တောင်းယူရန် အကျိုးအကြောင်း အစုံအလင် နှင့် စာရေး၍ လွှတ်လိုက်ရပါတော့သည်။

သီတင်းတစ်ပတ်အတွင်း၌ ကျွန်တော်သည် ကသာမြို့ပေါ်တွင် လူရောဆန်ပါ နေသားတကျ ရှိသွားပါပြီ။

(ပ)ငါးလုံး...

(ဤစကားကို မြန်မာပြည် လွတ်လပ်ရေး မရသေးသော ထိုခေတ် ကသူတို့ ကသာမြို့ပေါ်တွင်ပင် ပြောလေ့ရှိကြပါသည်။ အဘယ်မည်သော သူတို့က စတင်ခဲ့သည်ကိုကား ကျွန်တော် မသိ။)

အဘယ့်ကြောင့် ထွန်းကားရသည်ကို ကျွန်တော် စေ့ငုမိရာ...

*(၁) ကသာတွင် လည်စရာ၊ ပတ်စရာ၊ ကြည့်စရာ၊ ရှုစရာ မရှိ။ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်သာ ပြလေ့ ရှိသော ရုပ်ရှင်ကားများလည်း ကျွန်တော်တို့နှင့် ဆက်သွယ်၍ မရ။ ကားဟောင်းကားဆွေးကြီးများ။ စာအုပ်ဆိုင်လည်းကြီးကြီးကျယ်ကျယ်မရှိ။ သတင်း စာလည်း ခုနစ်ရက်တစ်ပတ်သင်္ဘောမှ တစ်ကြိမ်*

mgyoe.com

ရသည်ဖြစ်၍ ခုနစ်စောင်ပြူး တစ်ခါတည်း ဖတ်ရသည်။

(၂) မိန်းမပေါ၏။ အကြောင်းမှာ ကသာပတ်ဝန်းကျင်နှင့် မိုးညှင်း စသော အရပ်တို့၌ ဤစဉ်ကာလမှာ ဆင်းရဲ၍ ပညာ ဗဟုသုတခေါင်းပါးသော မိန်းကလေးများ ပေါများခြင်းကြောင့် ဖြစ်၏။ (ဤစကားကို ၎င်းအရပ်သူများ လက်ခံချင်မှ လက်ခံပေလိမ့်မည်။ အမှန်မှာ ကျွန်တော်၏ ကိုယ်တွေ့ဗဟုသုတနှင့် ယူဆချက်ကို ပွင့်ပွင့်လင်းလင်း ရေးလိုက်ခြင်းဖြစ်၏။ ကျွန်တော်သာ မိန်းမလိုက်စားသူဖြစ်လျှင် ခုနစ်ရက်တစ်ပတ်မှာ တစ်ယောက်ကျ ရနိုင်သည်ဟု ဆိုပါက သိပ်ကြွားလှချေလားဟု ဆိုကြမည်လား။)

သူတို့အရပ်၌ ကျွန်တော် သတိပြုမိသော စကားတစ်ခုကို ဖော်ပြရသော် ကျွန်တော်တို့ဆီ၌ "ရှမ်းကြိုက်နွားချော" ဆိုသော စကားအစား "ရှမ်းရိုး လင်ကိုးယောက်"ဟူသော စကားကို ကြားရပါသည်။

(ခုခေတ် မဟုတ်ဘူးနော်)

ရှမ်းမ၊ ရှမ်းဂဒူးမများ ပြောလေ့ရှိသော စကားကို ကျွန်တော် သတိပြုမိခဲ့ပါသည်။ ဤစကားအဓိပ္ပာယ်နှင့် လေသံကို စဉ်းစားကြည့်ပါ။ လင်ငယ်နေခြင်းသည် မဆန်း၊ ပေါ်ပေါက်သွားခြင်းသာလျှင် မသင့်လျော်တာကြီးကဲ့သို့ ဖြစ်နေပါသည်။

ဤမှတစ်ဆင့် အလျဉ်းသင့်၍ ဖော်ပြရသော်...မြစ်ကြီးနားသို့မဟုတ် ဗန်းမော်မှ တရုတ်ပြည်နယ်စပ်သို့သွားပါက တရုတ်မ (ဘာမျှ မြန်မာစကားနားမလည်) ချောချော အရွယ်ကောင်းတစ်ယောက်ကို မြန်မာငွေ (၅၀)ကျပ်နှုန်းနှင့် အပိုင် ဝယ်လာနိုင်၏။ ထိုတရုတ်မလည်း သင့်ထံသို့ မငြင်း

mgyoe.com

*မဆန်ဘဲ ဝမ်းသာအားရနှင့် ကောက်ကောက်ပါအောင် လိုက်လာလိမ့်မည်။ သင် နိုင်းသမျှ လိုက်နာမည်ဖြစ်၏။ ဆင်းရဲလှပေသကိုး။*

*မြန်မာပြည်ထဲသို့ လာရောင်းသော တရုတ်မိန်းမ ကုန်သည်များလည်း တွေ့နိုင်၏။ သူတို့ဆီကတော့ ဈေးကြီးသည်။ တစ်ရာကျပ်၊ နှစ်ရာကျပ်လောက် ပေးရ၏။ ဤအချိန်မှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်ကြီးကို မတည်ဆောက်ရသေးပေ။ အရင်းရှင်ခေတ်။*

(၃) *တရုတ်လူမျိုးများ ပေါများခြင်း၊ သူတို့ အကျင့်စာရိတ္တနှင့် နီးစပ်ခြင်းတို့ကြောင့် နေရာဒေသနှင့် မလိုက်အောင် ကစားဝိုင်းများ ကြီးကျယ်ပေါများခြင်း (အလောင်းအစား ရက်ရောရက်စက်ကြသည်၊ ဆင်းရဲသား ပေါများသောအရပ်၌ သုံးဖြုန်းနိုင်သူ လူနည်းစုရှိခြင်းမှာ ထုံးစံ)*

(၄) *ဤအရပ်ဒေသ၌ ချမ်းအေးခြင်း၊ သစ်တောအလုပ်ကြမ်းသမားများ ပေါများခြင်း၊ ငှက်ဖျားရောဂါရှိခြင်းတို့ကြောင့် အရက်သောက်ခြင်းမှာ ကိုယ်ခံဆေးဝါးလို ဖြစ်နေခြင်း၊ (ဂုဒ္ဒုးနန်းရွာများတွင်မူ ဘုန်းကြီးများပင် ဂီလာန ပစ္စယော ဘိန်းရှုခြင်းကို ပြုရ၏။ ဤသို့ပြုမှ သက်ဆိုးရှည်နိုင်၏။ သူတို့အရပ်သုံးစကားအရ ဤအမှုကို "ဆေးကိုင်သည်"ဟု ခေါ်သည်။*

ကျော်စော ကိတ္တိရှိပေသော (ပ)ငါးလုံးအတွက် ဤလေးချက်ကို တွေ့ရပါသည်။

ကျွန်တော့်မှာ ကသာတွင် ရက်တွေ အတော်ညောင်းခဲ့သော်လည်း ဆန်များ၏ အခြေအနေကား ကြာလေဆိုးလေ ဖြစ်ခဲ့ပါသည်။ များများစားစား ယုတ်လျော့သည်မရှိဘဲ ဂိုထောင်ထဲ၌ ပုံလျက်ပင်။ ဝယ်သူလည်း မလာပါချေ။ အဝေးမှ စုံစမ်းမည့်သူ အချို့ရှိပါ၏။

mgyoe.com

mgyoe.com

သို့သော် သူတို့ပေးလိုသောဈေးကို ကျွန်တော် ကြားပင်မကြားရက်။ (၂၄)ကျပ်၊ (၂၅)ကျပ်တဲ့။ ဤဈေးနဲ့တောင် လုံးခနဲ ဝယ်ယူကြမည်မဟုတ်။ ငါးအိတ်စ၊ ဆယ်အိတ်စ။

ကျွန်တော် မန္တလေးမှ လာခဲ့စဉ်က ဆန်ကို ပေါက်ဈေးနှင့် ရောင်းပြီး မြန်မြန် ပြန်ခဲ့ရန် (သုံးဆယ့်ငါးကျပ်အောက် လျော့လိမ့်မည်မထင်ခဲ့) ဈေးကိုက်ပါက ကျန်ဆန်များနှင့် နောက်ထပ်တက်ရန်။ ထို့ကြောင့် ကျွန်တော် အသွားအပြန် ကြာလှလျှင် ဆယ်ရက်မျှ ခန့်မှန်းခဲ့ပါသည်။ အပြန်၌ မိတ်ဆွေတစ်ယောက်၏အိမ်မှာပင် ထမင်းစားရန် ရက်ချိန်းနှင့် ကတိပေးခဲ့ပါသေးသည်။ ဆရာကြီးရွှေဒေါင်းကတော် ဒေါ်ကြီးစိုးကလည်း အပြန်တွင် မြတောင်မှ သူ့ညီမတစ်ယောက်ကို ဝင်ခေါ်ခဲ့ရန် မှာလိုက်သေး၏။

ကျွန်တော် ကသာသို့ရောက်၍ သီတင်းနှစ်ပတ်မျှ ကြာသောအခါ၌ မန္တလေးရှိ ကျွန်တော့်လူများထံမှ "မန္တလေး ဆန်ဈေး ပြန်ကောင်းနေ၍ အားလုံးရောင်းပြီးပြီ၊ ကျွန်တော့်ဆန်များကို ပေါက်ဈေးနှင့်ရောင်းပြီး အမြန်ပြန်ခဲ့ရန်" သံကြိုးစာရောက်လာ၏။ ကျွန်တော့်ရင်မှာ ဆို့၍လာပါသည်။

ဆန်တွေကို တစ်အိတ်နှစ်ဆယ်ဈေးနှင့် ပေးသည့်တိုင်အောင် လက်ငင်းလုံးခနဲ ယူမည့်သူမရှိ။ ဆန်တို့မှာလည်း လှေထဲတွင် ကြာခဲ့၍ ရေငွေ့ရိုက်ခံထားရခြင်း၊ ယခု ထားရသောနေရာမှာ သမံတလင်းပေါ်တွင်ဖြစ်ခြင်း၊ ဈေးကြွက်ကြီးများ ရိုက္ခာချနေခြင်းတို့ကြောင့် မကြာမီပင် သုံးမရသော အခြေသို့ ရောက်တော့မည်ကို သိရသဖြင့် နောက်ဆုံး၌ ကိုတင်လုံးအား ဖြစ်သလို လက်ထဲမှ အမြန်ထုတ်ပစ်ရန် ပုံအပ်လိုက်ရပါတော့သည်။

ကျွန်တော်ကိုယ်တိုင်လည်း မြစ်ကြီးနားသို့ တစ်ခေါက်တက်၍ စမ်းဖူးပါသည်။ မဟန်ပါ။ သို့သော် ကျွန်တော် မြစ်ကြီးနားသွားရင်း အလုပ်ကောင်းတစ်ခု မြင်ခဲ့သည်ကား ကြေးကုန်ကူးရန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် အအားနေလျှင် လူပျင်း၍ ပျော်စရာရှာပြီး ပျက်မှာစိုးရသောကြောင့် ဆန်ဖိုးထဲမှ ယခု လက်ငင်းရသမျှငွေနှင့် အဖော်အပေါင်းရှာကာ ကြေးကုန်ကူးခြင်းအမှုကို ပြုပါတော့၏။ ဤတွင် ဝတ္ထုအစ၌ ဖော်ပြခဲ့သော လက်မှတ်စစ်ကိုလှငွေ၊ ကိုအောင်ကြီးတို့နှင့် ဆက်မိ

mgyoe.com

mgyoe.com


ခြင်း ဖြစ်ပါသည်။ ကြေးကုန်ကူးရာ၌ မီးရထားတွင် များစွာ အကူအညီ ရပါသည်။

ကြေးကုန်ကူးလိုက်၍ ပထမနှစ်ခေါက်၌ ကျွန်တော် များစွာပင် စိတ်ကူးယဉ်မိပါသည်။ ချစ်ဇနီးနှင့် မိတ်ဆွေများထံသို့ ဆန်ရှုံးသော်လည်း အရေးမကြီး။ မကြာမီ အရင်းကာမိရုံမက အမြတ်ပင်ပေါ်လိမ့်မည့်အကြောင်း ဖြင့် ဝမ်းသာအားရ စာများရေးလိုက်မိပါသည်။ အကြောင်းမူကား ငွေနှစ်ထောင်ရင်းလျှင် တစ်ပတ်အတွင်း၌ သုံးထောင်ဖြစ်နိုင်သောကြောင့်တည်း။ ထို့ကြောင့် ကျွန်တော်သည် ယင်းအချက်ကောင်းကို လက်မလွတ်စေဘဲ အကူအညီရမည့်သူများကို အရပ်ရပ်တွင် မိတ်ဆွေများဖွဲ့ကာ မြစ်ကြီးနား မီးရထားလမ်းတစ်လျှောက်၊ ကြေးရရာဒေသ နဘားနားမှစ၍ မော်ဟန်၊ မော်လူး၊ မိုးညှင်း၊ ဟိုပင်၊ နန့်ခွင်၊ တောင်နီ၊ မင်းကုန်း၊ ဆားမှော်၊ မိုးကောင်း၊ ပျဉ်ထောင်၊ (ပိတောင်း) မြစ်ကြီးနားတို့၌ ကိုယ်စားလှယ်များ အသီးသီး ထားလျက် မီးကုန်ယမ်းကုန် ကြိုးစားပါတော့သည်။

ဝီရိယအကျိုးကား ခံစားရပါပေ၏။ ငွေတစ်ထောင်၊ နှစ်ထောင်မှစ၍ ခုနစ်ရက်တစ်ပတ်လျှင် တစ်ခေါက်ကျ ကြေးများကို သွားဝယ်ပြီး ကသာတွင် ရောင်းလိုက် မြတ်လိုက်၊ ကိုတင်လုံးက တောင်းယူသိမ်းဆည်းထားသော ဆန်များကိုဖြည့်လျက်။ တစ်ခေါက်ပြီးတစ်ခေါက် တက်လိုက်နှင့် ဒီဇင်ဘာလကုန်ခါနီးတွင် ကျွန်တော့်လက်ထဲ၌ ငွေခြောက်ထောင်မျှ ဖြစ်လာပါတော့သည်။ စာရင်းအရ ကိုတင်လုံးဆီ ကျန်ငွေသုံးထောင်ကျော်နှင့် တွက်လိုက်ရာ...

“အလို...ငါ့ဆန်ဖိုး “သုံးဆယ့်ငါးကျပ်နှုန်းနဲ့ တွက်လိုက်ရင် အရင်းရသလောက်တောင် ဖြစ်နေပါပကောလား။ မကြာခင် အမြတ်ပေါ်တော့မယ်” ဟု ကြုံးဝါးလိုက်မိပါတော့သည်။ ဤရက်အတွင်းမှာပင် ကျွန်တော့်ဇနီးထံမှ ဒုတိယရင်သွေး သားယောကျာ်းလေး မွေးဖွားပြီဖြစ်ကြောင်း၊ လုပထွားကျိုင်း၍ နေ့မှာ တနင်္လာသားဖြစ်ကြောင်း၊ လူတိုင်းကပင် “ဖအေတူကြီးဟဲ့၊ လှလိုက်၊ ဝလိုက်တာ”ဟု ပြောကြကြောင်းနှင့် စာရှည်ကြီးတစ်စောင် ရောက်လာပါသည်။

mgyoe.com

mgyoe.com

ဤစာမျိုးသည် ဝေးလံရပ်ခြား၌ရှိနေသော ဖခင်၏စိတ်တွင် မည်မျှ လှုပ်ရှားဝမ်းသာလှမည်ကို ကြုံဖူးသူများသာ တင်းပြည့်ကျပ်ပြည့် သိနိုင် ပါလိမ့်မည်။ ထို့အပြင်လည်း ကျွန်တော့်မှာ ပင်မရင်သွေးက မိန်းကလေး ဖြစ်နေ၍ ယောကျ်ားတို့ ထုံးစံအတိုင်း သားယောကျ်ားလေးကို တမ်းတသူ ဖြစ်ပေရာ ချက်ချင်းပင် ပြန်၍ ထွေးပိုက်လိုက်ချင်ပါ၏။

သို့သော် အရေးမလှသေး။ အချစ်က အချစ်၊ စီးပွားရေးက အရင်း ခံ၊ ဥစ္စာရှိမှ သားသမီးနှင့် ဇနီးကြင်ယာကို လှလှဝဝကြီး ချစ်နိုင်ပေမည် မဟုတ်ပါလော။

ကျွန်တော်သည် ထိုစာရှည်ကြီးကို အခေါက်ခေါက် အခါခါ ဖတ်ကာ ညီခါစ စီးကရက်က ကုန်သွားပြီး လက်ကိုမီးပူသည်အထိပင် စိတ်ကူးယဉ်နေလိုက်မိပါသည်။ သေသေချာချာ ကြည့်လိုက်တော့ "အလို... ငါ့သားလေးမွေးတဲ့နေ့က "ငါ ကြေးတွေရောင်းလိုက်လို့ နှစ်ထောင်ကျော် မြတ်တဲ့နေ့ပါကလား"။ နို့ပြီး သူ့နေကလည်း တနင်္လာ သိုက်ဖွား၊ ကြေး ဆိုတာလည်း တနင်္လာ၊ ဟင်...ငါ့သားကလေးမွေးမှ ငါတို့ စီးပွားရေး အင် မတန် တက်တော့မှာပဲ"

စီးပွားရေးကို လုံးပန်းနေသော မိဘတို့၏ ထုံးစံအတိုင်း ရင်သွေး ကိုပင် စီးပွားရေးထဲသို့ ထည့်မိ၍ စိတ်ကူးလုံးကြီး ဟုန်းခနဲတက်ကာ အကျိုး အကြောင်း အစုံအလင်နှင့်တကွ သားကလေး၏နာမည်ကို မောင်ကြေးတင် ဟု ခေါ်ရမည့်အကြောင်း (အခုတော့ ဒီသားဟာ မောင်ကြေးတင်မတွင်ဘဲ ကျော်ကျော်ဆွေတဲ့ဗျ) ကျွန်တော်ရောက်မှ ကင်ပွန်းတပ်ရန် မကြာမီ ပြန်လာ ခဲ့မည့်အကြောင်းတို့ကို ဝမ်းသာစရာတွေ တစ်ပုံတစ်ခေါင်းကြီးနှင့် ရေးသား ပြန်ကြားလိုက်ပါသည်။

ကျွန်တော့် စိတ်ကူးယဉ်ကြီးမှာ ယခုလက်ထဲတွင် ငွေရင်းအတော် တောင့်ပြီဖြစ်၍ ကသာ–မြစ်ကြီးနားလမ်းတစ်လျှောက် ကြေးရှာ အရပ် များ၌ အဝယ်တော်ကိုယ်စားလှယ်များလည်း အသင့်ဖြစ်နေကာ ကသာကို မန္တလေး၊ ရန်ကုန်မှ ကြေးဝယ်လာကြသော ကုန်သည်ကြီးများနှင့်လည်း မိတ်ဆက်မိပြီဖြစ်ခြင်းကြောင့် နောက်ထပ် သုံးလေးခေါက်မျှ ကြိုးပမ်းလိုက်

mgyoe.com

mgyoe.com

ရလျှင် တစ်လအတွင်း ငွေနှစ်သောင်းကျော်ပိုက်၍ ရွှေပြည်တော် အပြန်လှလိမ့်မည်တဲ့ည်း။

သို့သော်...သို့သော်...

ဤနေရာ၌ ရေးသားဖော်ပြရန် လက်တွန့်ပါဘိလည်း ရင်တွင်းပင် ဒိတ်ဒိတ်...ဒိတ်ဒိတ် ခုန်လာသည်။ မျက်လုံးများ ရီဝေလာသည်။

ယခု ကျွန်တော် လက်တင်ပြီး စာရေးနေသော စားပွဲကို ထိုစဉ် မြစ်ကြီးနားဘူတာရှေ့ မီးရထားတွဲပေါ် ကျွန်တော် လက်တင်နေသော ရထားပလက်ဖောင်းဟု အောက်မေ့မိပါတော့သည်။

ယခုပင် ကျွန်တော်သည် ဒိုင်ယာရီ အဟောင်းကလေးကို လှန်ကြည့်လိုက်၏။

(၁၉၄၇)ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့ နံနက်ခင်း။

မြစ်ကြီးနား ဆောင်းတွင်း၏နှင်းများ ဝေနေတုန်း။

မီးရထားကြီး ထွက်လုထွက်ဆဲ။

ကျွန်တော့်ဆီသို့ သုတ်သုတ် သုတ်သုတ်နှင့် လျှောက်လာပြီး အရေးတကြီး ပြောလိုက်သော ကိုလှငွေ၏စကားကို ရုတ်တရက် ကျွန်တော် မယုံမိ။

"ဒါမျိုးနောက်လို့တော့ အသည်းခိုင်ပါသေးတယ် ကိုလှငွေရာ"

သို့သော် ကိုလှငွေ၏မျက်နှာသည် အမှန်ပင် မှုပျက်နေလျက်။

"နောက်တာ မဟုတ်ဘူး ကိုဆွေ၊ အဟုတ်ပြောနေတာ၊ ဟော... လာပြီ...လာပြီ...သူပဲ။ မြစ်ကြီးနား အက်စ်အိုင်ပီ"

ကိုလှငွေ ပြောနေတုန်းပင် ရာဇဝတ်အုပ်တစ်ယောက် ရောက်လာကာ "ဘယ့်နှယ်လဲ ကိုလှငွေ၊ ခင်ဗျားတို့ဟာတွေ ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ"

"ဟော...ဟိုမှာ ပြောနေတုန်းပဲဗျ၊ ဒီဆရာက မယုံသလို ဖြစ်နေတယ်"

ဤတွင်မှ ကျွန်တော့်ရင်ထဲတွင် ဒိတ်ခနဲခုန်၍ ရှိန်းခနဲ ပူသွားကာ...

"အိုး...အဆေး၊ တကယ်ပဲလားဗျာ၊ ဘယ်လိုက ဘယ်လိုတဲ့လဲ"

mgyoe.com

mgyoe.com

ကျွန်တော့်မျက်နှာတွင် မဖော်ပြနိုင်သော မှုပျက်ခြင်းဖြင့် အထိတ်တလန့် မေးလိုက်မိပါတော့သည်။ ထိုရာဇဝတ်အုပ်မှာ တစ်ချိန်သောအခါက ကျွန်တော်တို့နှင့်အတူ မြစ်ကြီးနား ဝက်ကုန်းဈေးက ဟိုတယ်တစ်ခု၌ ထမင်းအတူစားဖူး၍ တစ်ယောက်ကိုတစ်ယောက် သိကျွမ်းရင်းနှီးသူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း သူက ကြင်နာသော အမူအရာနှင့်...

"တကယ်ပါဗျာ၊ ခင်ဗျားတို့လိုလူကို ကျွန်တော် ဘယ်နောက်ပါ့မလဲ၊ အဲဒီအမိန့်က မနေ့ကမှ ဒီစီဆီ ရောက်လာပြီး အခုမနက်မှ ကျွန်တော်တို့ကို ပေးတာ၊ သူ့အမိန့်အတိုင်းမှာဆိုရင် ကြေးတွေကို သိမ်းရုံမက လက်ရှိပိုင်ရှင်ကိုပါ တရားစွဲရမယ်တဲ့"

ကျွန်တော် ရုတ်တရက် မရှုနိုင်၊ မကယ်နိုင်ဖြစ်သွားကာ ချောက်ချားလွန်းသော အာမေဋိတ်သံတို့ဖြင့်...

"ဟာ...ဟယ်...အမယ်လေး...လုပ်ရက်ကြပါပေ့ဗျာ၊ ဟိုတုန်းကဖြင့် ဘာ...ဘယ်လို...အမိန့်မှမရှိဘဲနဲ့ ရုတ်တရက်ကြီး..."

ကိုလှငွေနှင့် ထိုသူမှာ နှစ်ယောက်စလုံးပင် ငိုင်နေကြသည်။

ကျွန်တော်ကပင် ဆက်၍...

"သူ့အမိန့်က လူတိုင်းကို ဖမ်းရမှာတဲ့လား၊ နောက် ကြေးကုန်ကို လုံးဝ မကူးရတော့ဘူးတဲ့လား"

ရာဇဝတ်အုပ်သည် ကိုယ်ဟန်ကို အနည်းငယ် ပြင်လိုက်ကာ...

"နောက် ကြေးကုန်ကူးချင်ရင် သူ့နေရာနဲ့ နီးစပ်သက်ဆိုင်ရာက စစ်တပ်ရဲ့ အမိန့်လက်မှတ် ပါရမယ်။ မြန်မာပြည်ကုန်သည်ကြီးများအသင်းက လက်မှတ်ပါရမယ်တဲ့ ဆိုလားပဲဗျာ"

ဟင်...ရှုပ်လိုက်ပါဘိ။

စီးပွားရေး အရင်းရှင်ကြီးများ၏ ခြေဝင်ချေပြီ။ ဤစဉ်က အိန္ဒိယသို့ ပို့ရတဲ့ ကြေးဈေးတွေက ကောင်းလှသကိုး။ မြန်မာပြည်မှာလည်း စစ်တပ်တွေက သုံးသွားတဲ့ ကြေးတွေကလည်း နေရာတကာမှာ အလွန်ပေါ။ ပြုံးနိုင်၊ ရွှင်နိုင်ခဲ့ကြတဲ့ ကုန်သည်ကလေးတွေ အတော်များခဲ့၊ အခုဖြင့် မဲ့ကြရပြီ။

mgyoe.com

ငါးငယ်ကလေးများကို ငါးကြီးတွေကမျိုး။ နောက်ဆုံး ကျွန်တော် မအောင့်အည်းနိုင်တော့ဘဲ...

"ကဲ...မိတ်ဆွေ၊ ကျွန်တော့်ကြေးတွေ ဘယ့်နှယ်လုပ်မလဲ၊ ဝတ္ထုရားအတိုင်း ဖမ်းမှာပဲ မဟုတ်လား"

ထိုသူသည် လေးလံစွာဖြင့် ဦးခေါင်းကို ယမ်းခါကာ...

"ခင်ဗျား ထမင်းကို ကျွန်တော် စားခဲ့ဖူးပြီး ခင်ဗျာ့ အရက်ကို ကျွန်တော် သောက်ခဲ့ဖူးတာပဲ။ ခင်ဗျားလိုလူကို ကျွန်တော် မဖမ်းချင်ဘူး၊ မဖမ်းရက်ဘူးဗျာ။ ဒါပေမဲ့ (မျက်နှာငဲ့၍ တံတွေးတစ်ချက် မျိုချလိုက်ပြီးမှ) ဒီက လွတ်လိုက်ပြီး မိုးကောင်းက ဆီးဖမ်းရင် ကျွန်တော့်တာဝန်၊ အဲဒီက လွတ်ပြန်ပြီး မိုးညှင်းက ဖမ်ရင်လည်း ကျွန်တော့် တာဝန်၊ ကသာကျပြန်တော့လည်း ဒီအတိုင်းပဲ။ ဟင်...ဘယ့်နှယ်လုပ်ရပါ့"

သူသည် တကယ် မသက်မသာမျက်နှာနှင့် သက်ပြင်းကြီးချလိုက်ပါသည်။ ဤတွင် ကိုလှငွေသည် ရုတ်တရက် တင်းခနဲ ခေါင်းထောင်လိုက်ကာ "ကဲ...ဒါဖြင့် ကိုထွန်းမြင့်၊ ကျွန်တော်တို့ ဒီကြေးတွေကို ဖျောက်ဖျက်ပစ်နိုင်ရင်ကော..."

ရာဇဝတ်အုပ် ကိုထွန်းမြင့်သည် မချိပြုံး ပြုံးလိုက်ကာ...

"အဲဒီအတိုင်း ဖြစ်နိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ ကြေးတွေက နည်းနည်းနောနော မဟုတ်"

ဟုတ်ပါ၏။ ကျွန်တော့်ကြေးတွေမှာ မီးရထားသုံးတွဲ။ (ဤစဉ်အခါ၌ လူစီးရထားတွင် ကုန်တွဲများပါသည်။) ရုတ်တရက် ချပြီး မီးရှို့ပစ်ရန်လည်းဖြစ်သော ပစ္စည်းမျိုးမဟုတ်။ မြစ်ထဲသွား၍ နှစ်ရန်လည်း မလွယ်ကူ။ အဘယ်သူသည် အဘယ်သို့ တတ်နိုင်ချေအံ့နည်း။ ကျွန်တော့် ဦးနှောက်မှာ ဉာဏ်တစ်စက်မျှ မရှိတော့သလို ဖြစ်နေပြီ။ သို့သော် ကိုလှငွေသည် တစ်ခုခု စိတ်ကူးပေါက်၍ ဆုံးဖြတ်ချက်ချပြီးဟန်နှင့်...

"အို...ဒါကို ကျွန်တော့်တာဝန် ထားလိုက်ဗျာ"

"ခင်ဗျား ဘယ်လိုလုပ်မှာတုံး"

mgyoe.com

"ဂါတ်ဗိုလ်ကို ပြောထားပြီး မီးရထားထွက်တာနဲ့ တစ်ပြိုင်နက် လမ်းတစ်လျှောက်လုံးမှာ ကန်ချရုံပေါ့ဗျ။ ဒီကပဲ တစ်ခါတည်း ကူညီတွေ ငှားပြီး တွဲပေါ်တင်ထားလိုက်မယ်၊ ပြောနေ ကြာတယ်၊ အခုပဲ စီမံမှပဲ"

ကိုလှငွေ ထွက်သွားလေပြီ။ ငွေကိုးထောင်ကျပ်၊ ကိုးထောင်ဖိုး ကြေးတွေ စွန့်ပစ်ရတော့မည်။ မရမက ခဲခဲယဉ်းယဉ်း စုဝယ်ထားရတာ တွေလေ။

သို့သော် ကျွန်တော် အဘယ်မှာ တတ်နိုင်အံ့နည်း။ လမ်းတစ် လျှောက်လုံး ပုလိပ်ရန်က လွတ်အောင်လုပ်ပြီး ယူသော်လည်း ရတ်တရက် မြေကြီးထဲမှ မီးလုံးကြီး ဟုန်းခနဲနှင့်အတူ ထွက်လာသော ဘီလူးကြီးနှင့် တူသည့် ထိုအမိန့်ဆိုးကြီးကြောင့် ကသာတွင် အသူဝယ်မည့်သူ ရှိတော့ အံ့နည်း။

အို…ဒီအမိန့်ဆိုကြီးနှယ်။ ကျွန်တော် ကြေးရောင်းပြီးခါစကလေး မှာ သိရမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ။ ကိုယ့်ကံထူးတယ်လို့ ဆိုရ မှာပဲ။ အခုတော့ ဝယ်ပြီးခါစကလေးမှာ ဖြစ်ရပလေဗျာ။

မီးရထားကြီးထွက်ရန် ဥသြသံရှည်ကြီး မှုတ်လိုက်ပါပြီ။ ဒီအသံ ကြီးက ကျွန်တော့် ရင်ခေါင်းထဲသို့ သံချွန်ကြီးဖြင့် ထိုးလိုက်သလိုပါပဲ။ မြို့နှင့်ဝေးခဲ့၍ တောင်ကုန်းတောင်တန်းထဲကို ဝင်ပြီဆိုလျှင်ပဲ ကျွန်တော့် ကြေးတင်သော တွဲကြီးတွေဆီမှ ထွေးခနဲ…ထွေးခနဲ။ အမြောက်ကျည်ဆန် တော်တာဆန်တွေ၊ ဝိုင်ယာခွေအသစ် လတ်လတ်ဆတ်ဆတ်ကြီးတွေ၊ မော် တော်ကားစက်ခေါင်း Radiator ရေဒီရေတာခေါ်တဲ့ ရေတိုင်ကီကြီးတွေကို ထည့်ချုပ်ထားတဲ့ ဂုန်နီအိတ်ကြီးတွေလေ။ တစ်ခုပြီးတစ်ခု။ တဖုတ်ဖုတ်။

ပြတင်းပေါက်ကနေ ခေါင်းထွက်ပြီး ကျန်ရစ်ခဲ့တာတွေကို ပြန်လှန် ကြည့်လိုက်၊ ချနေတာတွေ ရှေ့လှမ်းကြည့်လိုက်နှင့် လည်ပင်းတင့်ငံ့နေရ သော ကျွန်တော့်မျက်စိများမှာ တစ်ချက်တစ်ချက် မျက်ရည်တွေ ထွက်လာ ပါတော့သည်။

mgyoe.com

mgyoe.com


ပိတောင်းဘူတာသို့ ရောက်ခဲ့လေသော် ကျွန်တော်၏ အဝယ်တော်ကိုမြဲကျွေးသည် သူ ဝယ်နှင့်ထားသော ကြေးများကိုထုတ်ပြီး ချုပ်ပြီး မီးရထားပေါ်ကို တင်ပေးလိုက်ရန် အသင့်စောင့်နေလျက်။

သူ့ဆီက ကြေးတွေ နှစ်ရာကျပ်ဖိုးလောက်...

နေရစ်ခဲ့တော့...နေရစ်ခဲ့တော့။

နမ်းတီရောက်လျှင် ဤနည်းအတိုင်း။

မိုးကောင်းတွင်ကား ကိုစောအုံးဆီ၌ ငါးရာကျပ်ဖိုးတိတိ။

"အို...ဦးစောအုံး၊ မြန်မြန်သာ ဖျောက်ဖျက်ပစ်လိုက်တော့"

ရွှေတွင်လည်း ဘူတာစဉ်အတိုင်း ဆားမှော်၊ မင်းကုန်း၊ တောင်နီ၊ နန့်ခွင်၊ ဟိုပင်၊ မိုးညှင်းအထိ ကျွန်တော့်အဝယ်တော်များက စောင့်ကြလို့။

ကျွန်တော့်မှာ သူတို့ ဆီး၍ ကျွေးမွေးပေးကမ်းပေးသော ကြက်ကြော်၊ ငှက်ကြော်၊ ဆတ်သား၊ ချေသားများနှင့် အရက်ကောင်းများကိုမျှ မစားနိုင်၊ မသောက်နိုင်တော့။

အတိုချုံး၍ ဖော်ပြရသော် ဤရက်ကလေးအတွင်းမှာပင် ကျွန်တော့် ငွေရင်းတစ်သောင်းကျော် (ရောင်းလိုက်လျှင် သောင်းငါးထောင်)မျှ ဆုံးပါး ရ၍ ကျွန်တော် မြင်ယောင်ခဲ့သော ရွှေတောင်ကြီးသည် အစိတ်စိတ် အမြွာမြွာ ကွဲလေသတည်း။

ထိုအချိန်၌ ကျွန်တော့်လက်ကျန်ပစ္စည်းဆိုလျှင် အိတ်ထဲကပ်၍ နေခဲ့သော ငွေကလေး (၃၀၀)ကျပ်လောက်နှင့် ကိုတင်လုံးထံမှ စာရင်းအရ ရစရာငွေ (၂၅၀၀)မျှသာ ရှိပါတော့သည်။

ရုတ်တရက်တော့ စိတ်ထိခိုက်သွားသည်။ စိတ်လေမိသည်။

ချစ်ဇနီးနှင့် ဖခင်ထံသို့ အဘယ်ပုံ စာရေးရမှန်း မသိ၍ စာမပြန်ဘဲ အတော်ကြာအောင် နေမိသည်။

အရက်ကို အလွန်သောက်မိ၏။ ပိုကာဝိုင်းကို ထိုင်မိ၏။

အဓိပ္ပာယ်မရှိသော အချိန်ဖြုန်းခြင်း။

ယခင်က ကိုတင်လုံးထံမှ တစ်ပတ်လျှင် နှစ်ရာကျပ်၊ သုံးရာကျပ်မျှ ရနေကျ၊ ယခု နှစ်ဆယ်၊ သုံးဆယ်ကျပ်မျှ မရချင်တော့။

mgyoe.com

အဘယ့်ကြောင့်ပါလိမ့်။

သူကတော့ တောင်းမရ၍ဟု ပြောသည်။

မိတ်ကောင်းဆွေကောင်း မှန်ပေသော ကိုလှငွေနှင့် ကိုအောင်ကြီးတို့ကား ကျွန်တော့်အဖြစ်ကို ကူညီ၍ စိတ်မကောင်းဖြစ်ကြကာ ပိုမိုရင်းနှီးလာလျက် အိပ်အတူ၊ စားအတူ၊ သွားအတူပင် ဖြစ်သွားတော့သည်။

ထို့ကြောင့် ကျွန်တော်သည် သူတို့နှင့် အပတ်စဉ် မြစ်ကြီးနားသို့ လိုက်၏။

ခရီးသွားဟန်လွဲဖြင့် မြစ်ကြီးနားတွင် ဂိုးဖလိပ်၊ ကပ်ပ်စတန် သံဘူးများကို ဆယ်ဘူးလျှင် သုံးဆယ်ကျပ်ဈေးဖြင့် ဝယ်၍ ကသာတွင် သုံးဆယ့်ငါးကျပ်ဈေးဖြင့် ရောင်းခြင်းဖြင့် ဘူးတစ်ရာလျှင် ငွေငါးဆယ်ကျပ်မြတ်၍ အသုံးစရိတ် ကာမိနေသည်။ စီးကရက်ကိုမူ သဘောရှိ သောက်ရ၏။

ဤနည်းဖြင့် ကျွန်တော်သည် တစ်ပတ်လျှင် လေးရက်မျှ မီးရထားပေါ် အချိန်ဖြုန်း၍ ကျန်သုံးရက်မှာ ကသာတွင် အလုပ်လက်မဲ့နေရသဖြင့် ပိုကာဝိုင်းတွင် ထိုင်မိပါတော့သည်။

ကသာမှ မထွက်ခွာသေးခြင်းကား ကိုတင်လုံးထံမှ ငွေနှစ်ထောင်ကျော်ကို စောင့်နေရသောကြောင့် ဖြစ်၏။

တစ်ညသောအခါ၌ (မရှိမသေ ပြောပါရစေတော့) အလေလိုက်လိုစိတ် ပေါ်လာ၏။

မှတ်မိပါသေးသည်။

ကသာမှာ အလံနီတရားပွဲ ကျင်းပသည့် ညကပေါ့။

ပိုကာဝိုင်းမှလည်း ငွေတစ်ရာလောက် နိုင်လာသည်နှင့်...

"အဆေး ကိုလှငွေ၊ ကျွန်တော် ကြင်ဖော်မဲ့ စက်တော်ခေါ်ရတာ အခုအထိ သုံးလကျော်ပြီဗျ၊ တစ်ခါတလေတော့ ကသာမြေမှာ အဆာပြေကညာမေ"

အရက် ခပ်မူးမူးနှင့် ကျွန်တော် ပြောလိုက်မိ၏။

ဤတွင် မူးလျှင် စိတ်ရွှင်နေသော ကိုလှငွေကလည်း...

mgyoe.com

"အင်း...တစ်ခါတလေတော့ ဂီလာနပစ္စယော ယောတုဖို့ လိုသပေါ့ ဗျ၊ ဒါမျိုးက ဒီကသာမှာ တယ်မခဲယဉ်းလှပါဘူး။ ယောဟိုမှာ ကြည့်စမ်း၊ သူက ဘုံဝါဒ သင်တန်းဆင်းခါစဗျ"

တရားပွဲ ထောင့်တစ်နေရာ၌ ကလေးမတစ်ယောက်ကို ညွှန်ပြလေရာ ကျွန်တော်ပင် အံ့အားသင့်သွားကာ...

"ဟင်...အနိပ်ကလေးပဲ၊ သူက ရသလား"

"အို...ကျွန်တော်က ဒီကိစ္စမျိုးမှာ ဘယ်တော့မှ မုသာဝါဒ မပြောဘူး။ ခင်ဗျား တကယ်လိုချင်ရင် ကျွန်တော် သူ့ "ကိပါး"နဲ့ သွားတွေ့လိုက်မယ်လေဗျာ"

"ကဲ...သွားချေဗျာ၊ ဈေးအခြေစုံစမ်းလို့ အမြန်ဆုံး သံတော်ဦးတင်စေ၊ ကျွန်တော်တော့ ယောဒီလက်ဖက်ရည်ဆိုင်ကပဲ နို့သောက်ရင်း စောင့်တော်မူမယ်ဗျာ"

သို့သော် ဤညဉ့်၌ ထိုကလေးမနှင့် ဖူးစာမဆုံလိုက်ရပါ။

အကြောင်းမှာ...

သူ့ (ကိပါး)က တစ်ရာကျော်ဆိုပြီး မလျှော့ဈေး ခုနစ်ဆယ့်ငါးကျပ်တိတိ တောင်းသဖြင့်...

"အို...တောသူ ဌေးသားများ မြို့ရောက်ပြီး အပေါင်းအသင်းမကောင်းလို့ ပျက်စီးနေတယ်များ အောက်မေ့နေသလား မသိပါဘူး။ ရန်ကုန်မြို့မှာတောင် ဂုဏ်သရေရှိ အထက်တန်းဟန်ဆောင် တိတ်တိတ်ပုန်းလက်သင့်ရာ စားတော်ခေါ်တွေမှ ဒုတိယအကြိမ်ဆိုရင် ဒါလောက် ပေးရတာ မဟုတ်ဘူး၊ လာဗျာ ကိုလှငွေ၊ ကိုယ့်လည်ပင်း ကိုယ်ဖျစ်ပြီး ပြန်ကြစို့ရဲ့"

ကျွန်တော်သည် မူးမူးနှင့် ခပ်ရွှင်ရွှင်ကလေးပင်ပြောပြီး အောင်မြင်စွာ ဆုတ်ခွာခဲ့ကြပါသည်။

ဤနေရာ၌...

ထိုမိန်းကလေးသည် ဝတ္ထုပထမအခန်း၌ ဖော်ပြခဲ့သော မီးရထားပေါ်က အပျက်မကလေးဖြစ်ကြောင်းကို မိတ်ဆွေရိပ်မိပြီး ဖြစ်ပါလိမ့်မည်။

mgyoe.com

mgyoe.com

ကိုလှငွေသည် ထိုညက ခုနစ်ဆယ့်ငါးကျပ်ဟု ဆိုလိုက်ကတည်းက "တို့အောက်သားတွေ အမဲမှတ်ကြသလား၊ တစ်နေ့ သိစေ့မဟဲ့"ဟု ကြိမ်းဝါးသည်ဖြစ်၍ ယခု သူ့ပိုင်နက်ဟု ယူဆထားသော မီးရထားပေါ်တွင် တွေ့မြင်ရသည်နှင့် အဘယ်ကဲ့သို့ ရည်ရွယ်ချက်နှင့် ကျွန်တော့်အား အလျင်အမြန် ပြန်ခေါ်ခြင်းဖြစ်သည်ကို မိတ်ဆွေ သိပြီးဖြစ်ပါလိမ့်မည်။

ကျွန်တော့်မှာလည်း ဖော်ပြခဲ့သည့်အတိုင်းပင် ကုန်ရှုံး၊ ပစ္စည်းဆုံး၊ ကြွေးကျန်နှင့် စိတ်လေပြီး အဓိပ္ပာယ်မရှိ နေရသောကာလဖြစ်သောကြောင့် ရှေ့ရေး၊ နောက်ရေးကို သိပ်ပြီး မစူးမစမ်း မဆင်ခြင်မိဘဲ မိန်းမတစ်ယောက်၏ကိစ္စကို ဝင်ရောက်၍ လူစွမ်းကောင်းလုပ်ရန် စိတ်ကူးထည့်လိုက်မိခြင်းဖြစ်ပါတော့သည်။

■

mgyoe.com

· mgyoe.com

# ဗိုလ်လုပွဲ

ကျွန်တော် တွဲပေါ်သို့တက်လိုက်လျှင် ထိုမိန်းကလေးသည် ကျွန်တော့်ကို ပြတင်းပေါက်မှ တစ်ချက် လှမ်း၍ကြည့်လိုက်၏။ သူ့မျက်နှာ၌ အန္တရာယ် တစ်ခုခုကို စိုးရိမ်ပူပန်နေဟန် ရှိပေသည်။

သူနှင့် ကျွန်တော်သည် သူ့ဘဝကို ကျွန်တော် သိပြီးကတည်းက ကသာဈေးထဲ၌ အခါများစွာ တွေ့ဖူး၊ မြင်ဖူး ရှိခဲ့၏။ ကျွန်တော် သူ့အနီး ကပ်သွားသည့်အခါ သူ သိလျက်နှင့် မသိဟန် ပြုနေပါသည်။

ကျွန်တော်သည် နံဘေးပတ်လည်က ခရီးသည်များ၏ အရိပ်အကဲကို ကြည့်လိုက်၍ မည်သူကမျှ ကျွန်တော်တို့ကို စိတ်ဝင်စားခြင်းမရှိမှန်း သိရသောအခါ၌ သူ ခေါင်းပြုနေသော ပြတင်းပေါက်မှာပင် ကျွန်တော် လက်ထောက်လိုက်ကာ စကားစပါသည်။

"မင်း ဘယ်သွားမလို့လဲ"

ကျွန်တော့်ကို တယ်ပြီး ဂရုမစိုက်ဟန်နှင့်...

"အင်းတော်ကို"

"အင်းတော်ကို မီးရထားနဲ့ သွားလို့ရလို့လား"

"နဘားကတစ်ဆင့် သွားရတာပ"

ခပ်ကောင်းကောင်းပင်။

mgyoe.com

mgyoe.com

"ဘာကိစ္စ သွားမှာလဲ"

"အလည်ပဲ"

ကျွန်တော်သည် ရယ်သွမ်းသွေးလိုက်ကာ...

"မင်း ဘာကြောင့် သွားရတာလဲဆိုတာ ငါ သိပါတယ်"

သူ ရုတ်တရက် မျက်လုံးပြူးခနဲ ဖြစ်သွားကာ...

"ရော်...ရှင် ဘာသိတာလဲပဲ"

"မင်း...ဟိုကောင်ကြီးနဲ့ ဘာဖြစ်ခဲ့သလဲဆိုတာတွေကိုပေါ့"

"အို..."

"မင်းဟာ အတော်သနားစရာ ကောင်းတာပဲ"

"မသနားပါနဲ့ ရှင်၊ ကျွန်မဟာ ကျွန်မ ရှိပါစေပ"

"အခု ဟိုကောင်တွေက မင်းကို အင်းတော်သွားမယ့် မော်တော်ကားတွေမှာ လိုက်ရှာနေကြတယ်"

"ရော်...ဟုတ်လား"

သူ့မျက်လုံးကလေးက ကြောင်တောင်နှင့် ပါးစပ်ကလေး အဟောင်းသား ဖြစ်သွားပါသည်။

"ဟုတ်တာပ"

ကျွန်တော် သူတို့အရပ် လေးသံမျိုး သုံးလိုက်ပါသည်။

"ဟိုမှာ မတွေ့ရင် ဒီကို လိုက်လာကြလိမ့်မယ်"

ကလေးမ အံတော် ထိတ်လန့်သွားဟန် ရှိပါသည်။

ဘာမျှ ပြန်မပြောဘဲ တွေ၍နေ၏။

ကျွန်တော်က ဆက်၍...

"မင်း တွေ့သွားလို့ ပြန်ခေါ်ရင် ဘယ့်နှယ်လုပ်မလဲ"

"မလိုက်ဘူးပ"

"မလိုက်လို့ ရမလား၊ အတင်း ဆွဲခေါ်ရင်..."

"အို...မင်းမရှိတဲ့ တိုင်းပြည်မှတ်လို့ပ"

"မင်း ရှိတာကနောက်မှ၊ သူ့မယားဆိုပြီး အတင်းရိုက်ခေါ်တော့ ဘယ်သူမှ ကြားကဝင်တားနိုင်မှာ မဟုတ်ဘူး"

mgyoe.com

သူ့မျက်နှာသည် ရုတ်တရက် နီလာပြီး အတော်ချောက်ချားသွားကာ နှုတ်မှတစ်ခုကို တီးတိုးရေရွတ်လိုက်ပါသည်။

ကျွန်တော် စေ့စေ့ကြည့်၍...

"အို...ဒါလောက်လည်း စိုးရိမ်မနေပါနဲ့လေ၊ ကျုပ် တစ်ယောက်လုံး ရှိပါသေးတယ်"

ကျွန်တော့်ကို မျက်လုံးလှန်ကြည့်ကာ...

"ရှင်က ဘာလုပ်နိုင်မှာလဲပ"

"မင်းလူကို လုပ်နိုင်တာပေါ့"

"အို...ကျွန်မလူတွေလို့ မပြောပါနဲ့ ရှင်၊ ဒီအမျိုးယုတ်ကောင်တွေကို"

"အေး...ဟုတ်ပြီ၊ မင်းလူ မဟုတ်တဲ့ အမျိုးယုတ်ကောင်တွေပဲထားပါတော့၊ မင်း သဘောတူမယ်ဆိုရင် မင်းဘက်က ငါ ကူပါရစေ"

ဤစကား၌ သူသည် ကျွန်တော့်ကို စေ့စေ့ကြည့်၍ အကဲခတ်ပါသည်။ ကျွန်တော်ကလည်း အားကိုးထိုက်သော အမူအရာမျိုးလုပ်၍ ပြန်ကြည့်၏။

သူ့အသက်မှာ ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်အရွယ်မျှဖြစ်၍ လှလို့ပလို့၊ တင့်ဖြိုးတုန်းအရွယ် ဖြစ်၏။

သူ့ဘဝမှာ မည်သို့ပင်ဖြစ်နေလင့်ကစား သူ့အား မိန်းမချောစာရင်းတွင် မိန်းကလေးနှုတ်ကပင် တင်ရသေးကုန်၏။ သူက ကျွန်တော့်ကို စိုက်၍ကြည့်ပြီးနောက် ခေါင်းကို ခပ်လေးလေးယမ်းကာ...

"နေပါစေ ရှင်၊ ကျွန်မကံနဲ့ ကျွန်မ ရှိပါစေ၊ ရှင် ဒီလူမိုက်တွေနဲ့ ဖက်ပြီးတော့ မတုချင်ပါနဲ့၊ ရှင် သူတို့ကို ပြိုင်နိုင်မယ် မဟုတ်ပါဘူး"

ဟုတ်ပေသည်။ ကျွန်တော်၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရခြင်းအားဖြင့် လူဆိုးလူမိုက်ဟု နာမည်ရနေသောသူများနှင့် ယှဉ်ပြိုင်နိုင်ပေလိမ့်မည်ဟု ထင်စရာ မရှိချေ။ သို့သော် ထိုစဉ်က ကျွန်တော့်အရွယ်မှာ မိန်းမချောတစ်ယောက်ရှေ့၌ အစွမ်းပြလိုသော ထတုန်းကြွတုန်းအရွယ် ဖြစ်၏။

ထို့ကြောင့်...

mgyoe.com

mgyoe.com

"အို...ဒါက ငါ့တာဝန်၊ ငါ့အလုပ်ကွာ။ မင်းကသာ ငါ့ဘက်ကနေ လိုက်၊ ဟော...ပြောရင်းဆိုရင်းပဲ ငနဲတွေ ဘူတာထဲရောက်လာကြပြီ။ သွား... သွား၊ မင်း ဟောဒီက အိမ်သာထဲ ဝင်နေလိုက်၊ ငါ အဝက စောင့်နေမယ်။ ဘာမှ မစိုးရိမ်နဲ့"

ပြောပြောဆိုဆိုနှင့် ကျွန်တော်သည် သူ့လက်မောင်းကို ကိုင်၍ အိမ်သာထဲ သွင်းလိုက်၏။ အမှန်ပင် သူ့ "ကိပါး"သည် အဖော်နှစ်ယောက် နှင့် လာနေချေပြီ။ ဤသူများကို ကျွန်တော် တွေ့ဖူး၊ မြင်ဖူးပြီဖြစ်၏။

တစ်ယောက်ယောက်က လက်ထောက်ချလိုက်ပေလိမ့်မည်။

တန်းတန်းမတ်မတ်ကြီးပင် ကျွန်တော်နေသော တွဲပေါ်သို့ တက် လာကာ ဟိုဟိုဒီဒီ ကြည့်ပြီးနောက် အိမ်သာတံခါးနား၌ ရပ်နေသော ကျွန် တော့်ဆီသို့ လျှောက်လာကာ...

"အိမ်သာထဲမှာ လူရှိသလား"

"ရှိတယ်"

သူသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီးနောက် ကလေး မ ပထမ မတ်တတ်ရပ်နေရာ၌ အဝတ်ထုပ်တစ်ခုကို လှမ်းကြည့်လိုက်ပါ သည်။ ယခုမှပင် ကျွန်တော်သည် ထိုအထုပ်ကို သတိပြုမိ၏။

သူ ကျွန်တော့်ကို စူးစမ်းသလို မျက်နှာထားဖြင့် တစ်ဖန် ကြည့်ပြီး...

"ဘယ်သူလဲ၊ ယောကျ်ားလား၊ မိန်းမလား"

ကျွန်တော် လိမ်မပြောပါ။

"ဟို...အထုပ်ရှင်လား"

အထုပ်ကို လက်ညှိုးထိုးပြပါသည်။

"ဒါ ကျုပ် မသိဘူး"

"အို...ဟုတ်ပါတယ်"

ပြောရင်းဆိုရင်းပင် သူသည် အိမ်သာတံခါးကို ဖြန်းဖြန်းပုတ်၍ မိန်းကလေးအဖို့ ကြောက်မက်ဖွယ်သော အသံနှင့်...

"ဟေ့...ကောင်မလေး ထွက်ခဲ့"

mgyoe.com

mgyoe.com


ကျွန်တော်သည် သူ့ညာလက်ဝါးကို ကျွန်တော့် ဘယ်လက်ဝါးဖြင့် တားကာ...

"အို...ခင်ဗျား ရိုင်းလှချေလား၊ မိန်းကလေးတစ်ယောက် အိမ်သာထဲ ဝင်နေတာကို"

သူသည် ကျွန်တော့်ကို စိန်းစိန်းဝါးဝါး ကြည့်ပြီး...

"အို...ဒါ ကျွန်တော့်မိန်းမ၊ ခင်ဗျား ဘာသိလို့လဲ"

ကျွန်တော်သည် အသံကို တင်းလိုက်ကာ...

"ကျုပ် အကုန်သိတယ်ဗျ၊ ခင်ဗျား လုပ်ချင်တိုင်း မလုပ်ရဘူး။ နောက်ဆုတ်လိုက်"

ကျွန်တော်၏ ရုတ်တရက် မာဆတ်ဆတ် ပြောလိုက်ခြင်းဖြင့် သူ အံ့အားသင့်ကာ ကျွန်တော့်ကို ခေတ္တမျှ ကြောင်တက်တက်ကြည့်နေပါသည်။

ကျွန်တော်လည်း သူ့အရုပ်အကဲနှင့် အခြေအနေကို ဂရုစိုက် ကြည့်ရသည်။

စင်စစ် ကြက်ဖနှစ်ကောင် ယဉ်းနေခြင်း။

သူ့အရပ်မှာ ကျွန်တော့်ထက် ခေါင်းတစ်လုံးမျှ မြင့်နေ၍ သူက စထိုးခဲ့သော် ကျွန်တော် မည်သို့ရှောင်ပြီး မည်သို့ ပြန်ထိုးရန် ကျွန်တော်က စထိုးရမည်ဖြစ်ခဲ့သော် မည်သို့ပြုရမည်ကို စိတ်ထဲ အကွက်ဆင်ထားရပါသည်။

ထို့နောက်၌ သူသည် ကိုယ်ဟန်ပြင်၍ ကျွန်တော့်ကို စိန်းစိန်းဝါးဝါး ကြည့်ပြီး...

"ဩော်...ခင်ဗျားက ကျုပ်တို့ကိစ္စမှာ ဝင်ရှုပ်မလို့လား"

"ဟုတ်တယ်၊ မတရားတာတစ်ခုကို ကူညီဖို့ တာဝန်ယူထားတယ်"

"ဩော်...ဒီလိုကိုး..."

သူသည် ခပ်ပြုံးပြုံးပင် ကိုယ်ဟန်ပြင်လိုက်ပြန်၏။

ဤအချိန်၌ နံဘေးပရိသတ်သည် ကျွန်တော်တို့နှစ်ယောက်ကို စိတ်ဝင်စားနေ၏။

mgyoe.com

ကိုလှငွေနှင့် ကိုအောင်ကြီးတို့လည်း ဤတွဲသို့ ရောက်နေကြလေပြီ။

ကျွန်တော်သည် ဖြစ်ရတော့မည့်ရန်သူကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ရင်း ကိုလှငွေသို့ လှမ်း၍ အင်္ဂလိပ်ဘာသာဖြင့်...

"ကိုလှငွေ၊ ကျွန်တော် သူနဲ့ တစ်ယောက်ချင်း ချမယ်၊ ကျွန်တော့်ကို အသက်မစိုးရိမ်ရသမျှ မကူညီနဲ့။ သူ့နောက်လိုက်တွေကိုသာ ဝင်မကူနိုင်အောင်လုပ်ထား"

ကိုလှငွေလည်း အင်္ဂလိပ်လိုပင်...

"စိတ်ချ ရဲဘော်"

သူသည် အင်္ဂလိပ်စကားကို နားမလည်ချေ။

ကျွန်တော်တို့ ပြောနေကြသည်ကို နားထောင်းပြီး...

"ဩော်...ခင်ဗျားတို့က ရထားပေါ်မှာ ဝိုင်းအုပ်ကြမလို့ပေါ့။ ဟဲ...ဟဲ...ကျုပ် ဂရုမစိုက်ဘူး။ ဟဲ့ကောင်မ...နင် မသေချင်ရင် ထွက်ခဲ့"ဟု ဆိုပြီး တံခါးရွက်ကို ထုပြန်သည်။

ကျွန်တော်သည် ရှေ့တစ်လှမ်းတိုး၍ ရင်ချင်းအပ်လိုက်ကာ...

"ခင်ဗျားတို့ မလုပ်နဲ့လို့ ကျုပ် ပြောနေတယ်"

သူသည် ကျွန်တော့်မျက်နှာကို မလောက်လေး မလောက်စား ခပ်ငုံ့ငုံ့ကြည့်ကာ...

"လုပ်တော့ ဘာဖြစ်သလဲ"

"ဝုန်းဝုန်း...ဝုန်းဝုန်း" သူ တံခါးဆက်ထုပြန်သည်။

ထိုအချိန်၌ ကျွန်တော်သည် သက္ကလတ်ဘောင်းဘီရှည် ရှူးဖိနပ်ခုံမာနှင့် ဖြစ်၏။ သူ့မှာမူ ရှမ်းဘောင်းဘီ ဝတ်ထားသော်လည်း ပိန်းတန်းဖိနပ်နှင့်သာ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် တစ်ယောက်မျက်စိ တစ်ယောက်ကြည့်နေရာမှ သူ၏ ဘယ်ဘက်ခြေခုံကို ကျွန်တော့်ညာဖနောင့်ဖြင့် ဆတ်ခနဲ ဆောင့်နင်းလိုက်၍ သူ အမှတ်မဲ့ အားခနဲ အော်မြည်ပြီး လက်နှစ်ချောင်းကို ခြေခုံပွတ်ယောင်ပြုကာ အောက်သို့ ခေါင်းငုံ့လိုက်သည်တွင် သူ၏မေးရိုးကိုကော်၍ လှန်လိုက်ပါသည်။

mgyoe.com

mgyoe.com


ယခင်က သဲအိတ်ထိုး လေ့ကျင့်ခဲ့ဖူးသော ကျွန်တော်၏လက်သီး ရှိန်ဖြင့် သူ နောက်ဆုတ်လန်သွားပြီး ထိုင်ခုံနှင့်ကာမိ၍ မတ်တတ်ပြန်ထ နိုင်ကာ ကျွန်တော့်ဆီသို့ ဇာအား ပြေးကျုံးလိုက်သည်၌ လက်တံရှည်ရှည် နှင့် ဗလကောင်းလှသော သူ့အင်အားကြီးမှာ ကျွန်တော်သာ မရှောင်နိုင်ပါက ဤကလေးမနှင့် ပတ်သက်သောအကြောင်းသည် ဤမျှနှင့်ပင် ရပ်တန်းက ရပ်သွားပါလိမ့်မည်။

သို့သော် ကျွန်တော်သည် သူ ထိုးလိုက်သော ညာလက်သီးကို ကျွန်တော့်ဘယ်လက်မောင်းဖြင့် ဆီးမရင်း ခေါင်းငုံ့၍ရှောင်ကာ ညာလက် သီးဖြင့် သူ့ဗိုက်ကိုထောက်၍ သူ့ကိုယ်အယိုင်၌ လျင်မြန်စွာ ညာလက်သီး ရော၊ ဘယ်လက်သီးပါ ရှေ့ဆင့်နောက်ဆင့် သူ့မျက်နှာသို့ ညှပ်သွင်းပါ တော့သည်။

သို့ရာတွင် သူသည် စိတ်အားကြီး၍ သတိရှိနေပြီဖြစ်သောကြောင့် ကျွန်တော့်ညှပ်လက်သီးလောက်ဖြင့် သူ့ကိုယ်မှာ လန်မသွားတော့ဘဲ အပြင်း အထန် ပူးကပ်၍ သတ်ရပါတော့သည်။ ဤအပူးအကပ်၌ သူသည် အရပ် ရှည်သူဖြစ်၍ ကျွန်တော့်လက်သီးမှာ သူ့မျက်နှာကို မရောက်နိုင်တော့ဘဲ အောက်ပိုင်းကိုသာ ဖြိုရပါသည်။ ကျွန်တော့်မှာ အောက်ဆင်ထိုးခဲ့သူဖြစ်၍ ကျွန်တော့်မျက်နှာကို သူ့လက်သီးချက်မှ လွတ်အောင်ရှောင်နိုင်ပါသည်။

သို့သော် စည်းကမ်းမဲ့သော ရန်ပွဲတို့၌ လည်ပင်းကို ဖျစ်ညှစ်တတ် သည်ကိုမူကား ကျွန်တော် သတိမဲ့သွားမိပါသည်။ ထို့ကြောင့် ကျွန်တော့် လည်ပင်း သူ့လက်တွင်းသို့ ရောက်နေမှသာ သတိရပါတော့သည်။

လည်ပင်းကို ဖျစ်ညှစ်ခံရလျှင် နှာခေါင်းကို လှန်တွန်းရန် ကျွန် တော် သိပါသည်။ သို့သော် ကျွန်တော့်ရန်သူမှာ အရပ်အမောင်း ကောင်း သလောက် လက်တံရှည်သူဖြစ်၍ သူ့မျက်နှာကို ကျွန်တော့်လက်က မိမိရရ မကိုင်နိုင်ပါ။ ထို့ကြောင့် နံငုတ်ကို အောက်မှ ပင့်တင်သောနည်းကို သုံးရ ပါသည်။ သို့သော် သူ့အသားအရေ မာလှသောအကောင်ကြီးမို့ သူ မဖြုံ ချေ။ ခေတ္တမျှအတွင်း၌ ခေတ္တမျှအတွင်း၌ ကျွန်တော်သည် သေသေချာချာ

mgyoe.com

mgyoe.com


အကဲခတ်ကြည့်နေကြသော ကိုလှငွေတို့ထံ မျက်လုံးဖြင့် အကူအညီတောင်း ရတော့မလား အောက်မေ့မိတော့သည်။

သို့သော် တစ်ဒင်္ဂအတွင်း ကျွန်တော် အကြံရ၍ လက်ဖြင့် ထိုးခတ် ခြင်းကို ရပ်လိုက်ကာ လည်ပင်းကို တောင့်တောင့်အစ်ခံပြီး သက်သာနိုင် သလောက် သက်သာအောင် သူ့လက်နှစ်ချောင်းကို ကိုင်ဖြဲရင်း သူ ဖျစ်တွန်း နေသောအရှိန်ဖြင့် ရထားပြတင်ပေါက်ဆီသို့ နောက်ဆုတ်ရွှေ့ခဲ့ပါသည်။

ကျွန်တော် ရည်ရွယ်သောနေရာသို့ ရောက်လေလျှင် ကျွန်တော် သည် ပြတင်းပေါက်ကို လက်နှစ်ဖက်ထောက်၍ အားယူလိုက်ကာ ခြေနှစ် ချောင်းမြှောက်ပြီး သူ့ဝမ်းဗိုက်ကို တအားကုန် စုံကန်လိုက်ပါတော့သည်။

ဤအခါ၌ကား သူ့လက်တို့သည် ကျွန်တော့်လည်ပင်းကို တွယ် ကပ်မနေနိုင်တော့ဘဲ သူ့ကိုယ်မှာ ကားခနဲ နောက်သို့ လန်သွားပါတော့ သည်။

ကျွန်တော်သည် ဤအချိန်ကလေးကို လက်လွှတ်မခံဘဲ လူချင်း ပူးလိုက်ပြီး ဘယ်လက်သီးရော ညာလက်သီးပါ သူ့ပါးချိတ်ကို မ၍၊ မ၍ ပင့်လိုက်ရာ နောက်ဆုံးအချက်၌ သူ နောက်ကောက်ကျလေတော့၏။

"ဟူးရား...ဟူးရား"

ကိုလှငွေတို့လူစုသည် ကျွန်တော့်ကို ကောင်းချီးပေး၍ လာရောက် လက်ဆွဲနှုတ်ဆက်ကြပြီး ထိုသူ့ကိုမူ မီးရထားပေါ်မှ တွဲ၍ချလိုက်ကြ၏။

အိမ်သာထဲက မဟုတ္တလည်း ဘယ်အချိန်က အပြင်သို့ ရောက်နေ သည် မသိချေ။

ထိုအခါ၌ ကျွန်တော့်ပါးစပ်က သွေးများကိုပင် သုတ်ပေးနေလေ ပြီ။

အရေးနိမ့်သွားရှာသူမှာကား ကျွန်တော့်ကို စိတ်မကျေ။

သူ ပြန်လည်၍ မတ်တတ်ရပ်နိုင်သည်၌ ရှမ်းခရီးသည် တစ် ယောက်ဆီက သုံးပေမျှရှိသော ဝါးရင်းတုတ်ကြီးတစ်ချောင်းကို လုယူကာ ကျွန်တော့်ကို တက်ရိုက်ရန် ကြိုးစားနေ၏။ သို့သော် မီးရထားအရာရှိများက

mgyoe.com

mgyoe.com


သူ့ကို ဆွဲငင်ကာ တရားသောနည်းလမ်းဖြင့် တစ်ယောက်ချင်း သတ်ပြီးပြီ ဖြစ်၍ တော်သင့်ပြီဟု တားဆီးနေ၏။

သူမူကား စိတ်မာန်ပြင်းထန်စွာ ရုန်းကန်လျက် ကျွန်တော့်ကို ဆဲရေးကြိမ်းမောင်းနေလေသည်။

ကျွန်တော်သည် အခဲမကျေဖြစ်နေသော သူ့မျက်နှာကို လှမ်းကြည့်လိုက်ကာ ခေတ္တမျှ ရှေ့ရေးနောက်ရေးကို တွေး၍ စဉ်းစားလိုက်၏။

ပြီးလျှင် ကိုလှငွေ၏ ပခုံးကို ပုတ်လိုက်ကာ...

"အဆေး...ကိုလှငွေ၊ ဒီအတိုင်းဖြင့် သူနဲ့ ကျွန်တော် ကိစ္စပြီးဦးမှာ မဟုတ်သေးဘူးဗျ"

ကိုလှငွေသည် မျက်စိကိုဝင့်၍ ကြည့်လိုက်ပြီး ခေါင်းညိတ်၏။

ကျွန်တော်က ဆက်၍...

"အခု သူ့စိတ်ထဲ ထင်နေတာက လက်ချင်းမို့သာ ကံအားလျော်စွာ ကျွန်တော်က နိုင်တာ၊ လက်နက်နဲ့ချရင်တော့ သူက သာလိမ့်မယ်လို့ အောက်မေ့နေတယ်ဗျ၊ အဲဒီတော့ ကျွန်တော် ကသာမှာ နေရဦးမှာဆိုတော့ သူ တစ်နေ့နေ့မှာ ကျွန်တော့်ကို လက်နက်နဲ့ ကလဲ့စား ချေလိမ့်မယ်ဗျ"

ကိုလှငွေသည် စိုးရိမ်ဟန်ဖြင့်...

"အင်း...ဟုတ်တယ်ဗျ"

"အဲဒီတော့ အခုကတည်းက ကျွန်တော် ဘယ်လိုအကောင်လဲ ဆိုတာ သူ သိသွားရအောင် သူက တုတ်နဲ့ ကျွန်တော်က လက်ချည်းပဲ ရင်ဆိုင်ပြမယ်ဗျာ။ ပေးစမ်း ရေတစ်ကျိုက်လောက်"

ကျွန်တော်သည် ပြောပြောဆိုဆိုနှင့် ရေဘူးကရေ နည်းနည်း ထပ်သောက်လိုက်ပြီး ထိုင်ရာမှ ထလိုက်ပါသည်။

ကိုလှငွေသည်ပင် အံ့အားသင့်သလိုဖြစ်ကာ...

"ကိုဆွေ...ဖြစ်ပါ့မလားဗျာ"

"အို...သေချာပါတယ်ဗျာ"

ကျွန်တော်သည် မီးရထားပေါ်မှ ဆင်းခဲ့ပါသည်။

mgyoe.com

mgyoe.com

အောက်သို့ရောက်လျှင် သူ့ကို ဆွဲငင်ထားသော မီးရထားအရာရှိများသို့ ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့်...

"သူ့ကို တစ်ကြိမ်တည်းနဲ့ အစဉ်သဖြင့် မှတ်သွားလောက်အောင် သင်ခန်းစာပေးလိုက်မယ်။ လွှတ်လိုက်ကြပါ"ဟု လှမ်းပြောလိုက်ရာ လူတို့၏ ထုံးစံအတိုင်း သူတစ်ပါး သတ်ပုတ်တာကို မြင်လိုကြသည်ဖြစ်သောကြောင့် စိတ်အားကြီးစွာ လွှတ်လိုက်ကြလေ၏။

ကျွန်တော်သည် သူ လာမည့်ဘက်ကို မျက်နှာတည့်တည့်ပေး၍ ခြေဖဝါးနှစ်ခုကို တစ်တောင်လောက်ခြားအောင် ခပ်ကားကားရပ်ကာ လက်နှစ်ဖက်ကို အသင့် ဟန်ပြင်လျက် တွေတွေမတ်မတ်ကြီး စောင့်နေလိုက်ပါသည်။

လွှတ်လိုက်လျှင် လွှတ်လိုက်ချင်း ဝါးရင်းတုတ်ကြီး ဆုတ်ကိုင်၍ ဒေါသပြင်းထန်စွာ တောနွားရိုင်းကြီးပမာ တစ်ဟုန်ထိုး ပြေး၍လာပြီး သူ့တုတ်သည် ကျွန်တော့်ခေါင်းကိုခွဲရန် လက်ရှိန်ဝင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ ညာခြေသည် သူနှင့် ခန္ဓာကိုယ်ချင်း ဘေးတိုက်ဖြစ်သွားအောင် အကွက်ကျကျ နောက်သို့ ရုပ်လိုက်ခြင်းဖြင့် သူ့တုတ်မှာ ကျွန်တော့်ဦးခေါင်းနှင့် လွဲသွားကာ သူ အားလွန်၍ ရှေ့သို့ ငိုက်အကျ၌ သူ၏ တုတ်ကိုင်ထားသော လက်ဆစ်ကို ကျွန်တော့်ညာလက်ဖြင့် အုပ်ဖမ်းဆောင့်ဆွဲလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဘယ်လက်သီးဖြင့် သူ့အရိုက်ကို မတင်လိုက်ရာ သူသည် ခြေနှစ်ချောင်းပါ အပေါ်သို့မြောက်တက်သွားပြီးမှ မြေပေါ်သို့ ဗိုင်းခနဲ ဝမ်းလျားမှောက်ကြီးကျကာ ခြေဆန့်လက်ဆန့်နှင့် ငြိမ်သက်သွားလေသည်။

"အား...ရေတစ်ကျိုက် ပေးဦးကွယ်"

■

mgyoe.com

mgyoe.com

# ပါခဲ့ပြီ

ရထားသည် ကသာဘူတာမှ ထွက်ခွာခဲ့၍ ဖက်ဆွယ်တောင်ကို စက်မောင်းသံ လေးလေးမှန်မှန်ကြီးဖြင့် ဆွဲ၍တက်နေစဉ်တွင် ကျွန်တော့်မှာ လေအေးလေသန့်ကို ရှူရှိုက်ရ၍ အမောအပန်းပြေလေပြီ။ နံဘေးပရိသတ်လည်း ကျွန်တော်နှင့် ယခု နှစ်ယောက်ယှဉ်ထိုင်နေသော ကလေးမကို စိတ်ဝင်စားစွာ ကြည့်နေရာမှ ထုံးစံအတိုင်း အချိန်တဖြည်းဖြည်း ညောင်းလာ၍ လျော့ပါးစပြုကြလေပြီ။

ကိုလှငွေတို့လည်း ဖက်ဆွယ်တောင် တက်ရခါနီး၌ရှိသော ဘူတာပျက်ကလေးနေရာတွင် ရထားခေတ္တရပ်စဉ် အခြားတွဲများသို့ ကူးပြောင်းသွားကြပြီဖြစ်၍ ကျွန်တော်တို့နှစ်ယောက်တည်း လွတ်လပ်စွာ ကျန်ခဲ့ပေပြီ။

ကျွန်တော်သည် သူကလေးကို ပြုံး၍ ကြည့်လိုက်ကာ...

"အဟဲ...ဟဲ၊ မင်းအကောင်ကြီးကို ငါ ယှဉ်ပြိုင်နိုင်တယ် မဟုတ်လား"

သူသည် ပြုံးယောင်ကလေးပြုကာ...

"ကျွန်မ အစဉ်းဖြင့် ရှင့်ကို ဒီလိုလုပ်နိုင်မယ်လို့ မထင်မိဘူးပ"

"အခုတော့ မျက်မြင်မို့သာ ယုံရတယ်ဆိုပါတော့"

သူသည် ပြုံး၍နေပါသည်။

mgyoe.com

mgyoe.com

"ဒါထက် မင်း အင်းတော်ကို တကယ် သွားမလို့လား"

"သွားမလို့ပ"

သူ့အသံ နည်းနည်းပျော့ပါသည်။

"အင်းတော်မှာ ဘယ်သူရှိသလဲ"

"ကျွန်မ မိတ်ဆွေတစ်ယောက်"

"ယောကျ်ားလား၊ မိန်းမလား"

"မိန်းမ"

"ဟင်...ဒါဖြင့် သူက မင့်အတွက် ခုနကောင်ကြီးကို ကာကွယ်နိုင်ပါ့မလား၊ ဟိုကောင်ကြီးက မင့်ကိုလိုက်ပြီး နှောင့်ယှက်မှာ အမှန်ပဲ"

မျက်နှာကလေးညို၍ သက်ပြင်းချလိုက်ပါသည်။

ကျွန်တော်သည် သူ့လက်ကလေးကို ဆတ်ခနဲ ကိုင်လိုက်ကာ...

"ရှင်က အခု ဘယ်သွားမှာလဲ"

"မြစ်ကြီးနားကို"

"နို့ပြီး ဟိုမှာနေရောလား"

"ဟင့်အင်း...မနေဘူး။ ကသာကို ပြန်ခဲ့မှာပေါ့"

သူ တွေး၍ စိုးရိမ်နေသည်ကို ကျွန်တော် သိပါသည်။

ကျွန်တော် သူ့လက်ကလေးကို ခပ်ပြင်းပြင်းကလေး ဖျစ်လိုက်ကာ...

"ဟိတ်...ငါနေရင် သူ့ရန်ကို မစိုးရိမ်ပါနဲ့တော့ကွာ၊ ငါ သူ့ကို နိုင်ရမယ်ကွ"

ကျွန်တော့်မျက်နှာကို ကြည့်၍ သက်ပြင်းကလေး ရှူလိုက်ပါသည်။

ကျွန်တော်က ဆက်လက်၍ သူ့မျက်နှာကို စေ့စေ့ကြည့်ကာ...

"မင်း...မယုံဘူးလား"

"ယုံပါတယ်"

"ဒါဖြင့်..."

mgyoe.com

"စဉ်းစားပါဦးမယ် ရှင်"
ထို့နောက်၌ ကျွန်တော်တို့ အခြားစကားများကို ပြောကြပါသည်။
ကျွန်တော်က သူ့ကို သွေးဆောင်သော စကားများဖြစ်ပါ၏။

■

mgyoe.com

mgyoe.com

## နဘား

ဟိုတုန်းက ကျွန်တော်တို့ငယ်ငယ် ကျောင်းနေတုန်းက မြန်မာပြည် မီးရထားလမ်းများအကြောင်းကို သင်ရာတွင် နဘားလမ်းဆုံမှ မြစ်ကြီးနားသို့ တစ်လမ်း၊ ကသာသို့ တစ်လမ်း စသဖြင့် အခေါက်ခေါက်၊ အခါခါ အလွတ်ရအောင် ကျက်ခဲ့ရသော နဘား။

သို့သော် ယခု မြင်ရသည်ကား ထင်ကြေးနဲ့ကွာလှ။ အဆမတန် သေးနုပ်စုတ်ချာလှပါသည်။ သစ်တွေပေါ၍ သစ်သားတိုင်စိုက်ရသော်လည်း စစ်ဒဏ်ခံရသော ဌာနတို့၏ ထုံးစံအတိုင်း သက်ငယ်မိုး၊ ထရံကာဘူတာ ကလေး။ တဲငယ်နှင့် တူပါ၏။

"နဘားဘူတာကြီး၊ နဘားမြို့ကြီးကလည်း ကြီးမှာပဲ"

ဟိုယခင် စာသင်စဉ်က ထင်ခဲ့ပါ၏။ ယခု မြင်ရသည်ကား ဘူတာ နေရာက တောင်ကုန်းနှစ်ဖက်အကြား၊ လူနေအိမ်ခြေဆို၍ ရထားလမ်းပေါ် ကနေ ကြည့်လိုက်ပါလျှင် ဟို မလှမ်းမကမ်း တောင်ကုန်းပေါ်တွင် ဗိုလ်တဲ ပျက်ကြီးတစ်ခု၊ မီးရထား ရေတိုင်ကီစင်ကြီးနောက်နားရှိ လျှိုမြောင်ကလေး ထဲ၌ ချက်အရက်ရောင်းသော အိမ်ကလေး တစ်အိမ်လား၊ နှစ်အိမ်လား။ ဒါလောက်ပဲ မြင်ရပါသည်။

"ဟိုဘက်က တောင်ကွယ်တောင်ကြားတွေထဲမှာ ရွာတွေ၊ အိမ်တွေ ရှိတာပေါ့"

mgyoe.com

လူတစ်ယောက်ကို စုံစမ်း၍ သိရပါသည်။

"ခင်ဗျားတို့ ဘူတာက နာမည်ကြီးတာနဲ့ မလိုက်အောင် ခြောက်ကပ်လှချေလားဗျာ"

"အို...အို...ခေတ်ကောင်းတုန်းက ကျုပ်တို့ဘူတာ အင်မတန်စည်တာဗျ၊ ဘယ် အခုလို ဟုတ်လိမ့်မလဲ"

နဘားသား မီးရထားပြာတာက ပြော၏။

ဘူတာကို ရထားဝင်ဆိုက်သည့်တိုင်အောင်မှ အခြားဘူတာများကဲ့သို့ ဘာရယ်၊ ညာရယ် အော်ရောင်းကြသော ဈေးသည်ကလေးများမျှ မရှိကြ။ ရထားလမ်းနံဘေးတွင် ပိပိကြီးထိုင်နေသည့် မုန့်တီနှင့် တို့ဟူးသည် မိန်းမကြီးတစ်ယောက်။ သူတို့ဆီ မုန့်တီခေါ်တဲ့ မုန့်ဟင်းခါးက ဆီချက်၊ ပဲမှုန့်နှင့် လက်သုပ်၊ ငါးဖယ်ပြုတ်ဟင်းချိုနှင့် မျှစ်ချဉ်က ပွဲရန်။

မေးပုံက ကြည့်ဦး။ ကျွန်တော်တို့ဆီမှာလို "မုန့်ဟင်းခါး စားမလား" မဟုတ်ဘူး။ "မုန့်တီ သောက်ဦးမလား"တဲ့။

သူတို့ဆီ စားစရာဆိုင်တိုင်းမှာလိုရှိတဲ့ "မျှစ်ချဉ်"ဆိုတာက ကျွန်တော်တို့ဆီက မျှစ်ချဉ်လို မဟုတ်ပါ။ တစ်မျိုးသော ဝါးအငယ် အမျိုးအစားကရတာ။ ဤမျှစ်ချဉ်ကို တစ်ရပ်တစ်နယ်က လာတဲ့လူတွေ စားလိုက်ရင်ဖြင့် တစ်ခါတည်း တုန်ဖျားသွားမယ်ဟု ပြောလေ့ရှိကြပါသည်။

ကျွန်တော် နှစ်ခါ၊ သုံးခါ အရက်မူးမူးနဲ့ စွန့်ပြီး စားကြည့်ဖူးပါ၏။ ဓာတ်ခံကောင်းနေလို့လားပဲ မသိ။ ဘာမျှ မဖြစ်ခဲ့ပါ။ အမယ် အရသာကလည်း ကောင်းပါသည်။

ဘူတာ နောက်နားမှာကား ကုလားတစ်ဆိုင်၊ ဗမာတစ်ဆိုင် အပြိုင်ရောင်းနေကြသည့် ထမင်းဟင်းနှင့် လက်ဖက်ရည်ဆိုင် နှစ်ခု။ အစားအသောက်ကလည်း ချာပါပေ့။

"အဆေး...ကိုလှငွေ၊ ဟော့...ဒီမြစ်ကြီးနား လမ်းတစ်လျှောက်မှာ ထမင်းစားရတာ ကျွန်တော် ဟောဒီ နဘားကို စိတ်အပျက်ဆုံးပဲ"

ကျွန်တော်က ထမင်းစားရင်း ပြောလိုက်ရာ ကိုအောင်ကြီးက...

mgyoe.com

mgyoe.com

"အေး...ဟုတ်တယ်ဗျာ၊ မိုးကောင်းဘူတာ နောက်ဖေးက ကုလားဆိုင်ကိုတောင် မမီဘူး"

ကိုလှငွေသည် ဇွန်း၊ ခက်ရင်းကို ဟန်ပါပါကိုင်ရင်း...

"အင်း...ကျွန်တော်တို့မှာတော့ ဟောဒီအထက်ပိုင်းရောက်ကတည်းက ကောင်းတယ်၊ မကောင်းဘူးရယ် မဟုတ်ပါဘူးဗျာ။ သီတင်းတစ်ပတ်ခုနစ်ရက်ရှိတဲ့အနက်က သုံးရက်က ကသာမှာ စားရပြီး ကျန်လေးရက်ကိုဖြင့် ဟောဒီ နဘားရယ်၊ မိုးညှင်းရယ်၊ မိုးကောင်းရယ်၊ မြစ်ကြီးနားရယ် တစ်လှည့်စီ အစီအစဉ်အတိုင်း လျှောက်စားနေရတာပဲ"

"အေးဗျာ၊ ကသာမှာ စားရတာ ကိုယ်ကြိုက်တဲ့ဆိုင်မှာ ဝယ်စားရတာ တော်ပါသေးရဲ့။ အခု ဒီနဘားကတော့ ကိုယ့်ဗမာဆိုင်ရယ်လို့ စားပါတယ်၊ ချက်ထားလိုက်တာတွေက ကုလားမကျ၊ ဗမာမကျ၊ ကြည့်စမ်းဗျာ ဒီကြက်သားများ အနံ့အရသာက ငြီးငေါ်ငေါ်၊ ငန်ညစ်ညစ်နဲ့။ ဒီအခါမျိုးမှာ ကျွန်တော် ကူမဲဘူတာကို သတိရတယ်ဗျာ"

ကျွန်တော့်မှာ ဟင်းကောင်းကြိုက်တတ်သူပီပီ ညည်းညည်းညူညူ ပြောလိုက်ရာ...

"ဟုတ်တာပ ရှင်၊ သူတို့ ထမင်းရောင်းစားနေပြီးတော့ပ၊ ဟင်းကို ကောင်းကောင်း မချက်တတ်သေးဘူး။ ကျွန်မဆို ဒီထက်ကောင်းအောင် ချက်နိုင်သေးတာပ"

ကျွန်တော့် လက်သီးချက်နှင့်လဲ၍ ယူလာခဲ့ရသော အညာတောသူ မကလေးက အထက်သံ ရှမ်းသံဝဲဝဲကလေးနှင့် ကျွန်တော့် စကားကို ထောက်ခံ ပြောဆိုလိုက်ပါသည်။

အကြောင်းမှာ ကလေးမသည် ကျွန်တော်နှင့်လိုက်ရန် ဆုံးဖြတ်ချက် ချလိုက်ပြီးဖြစ်၍ သူ့အဝတ်အစားနှင့် အိပ်ရာလိပ်ကို နဘားဘူတာမီးရထားဆိုက်လျှင်ဆိုက်ချင်းပင် ကျွန်တော့်ပစ္စည်းနှင့် ပူးပေါင်းထားလိုက်ပြီးနောက် ယခု နံနက်စာ အတူစားနေကြခြင်း ဖြစ်ပါသည်။

ယခု သူပြောလိုက်သော စကားကလေးကို ကြည့်လိုက်ပါက အိုးအိမ်ထောင်မရှိ၊ အလုပ်တာဝန်နှင့် ရောက်လေရာအရပ်က ဆိုင်တော်

mgyoe.com

mgyoe.com

တကာတွင် ဝယ်ခြမ်းစားသောက်နေရသော ကျွန်တော်တို့အဖို့ များစွာ အဓိပ္ပာယ် သက်ရောက်လှပေသည်။ ကိုလှငွေသည် ပြုံး၍ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် စကားပြောလိုက်၏။

ဆယ့်နှစ်နာရီခန့်တွင် နဘားဘူတာကထွက်၍ ခရီးဆက်ပြန်သည်။ ဤအခါ၌ ကလေးမနှင့် ကျွန်တော်သည် တစ်ခုံတည်းစုံတွဲ။ ကိုလှငွေတို့ကား သူတို့ဝတ္တရားအတိုင်း တစ်တွဲဆင်း၊ တစ်တွဲတက်။

မော်လူးဘူတာသို့ ရောက်သောအခါ ကိုလှငွေသည် ကြက်သားကြော်၊ ဘဲသားကြော်နှင့် အရက်ပုလင်းကို လာပေးသည်။

"ကိုဆွေ...နေစောင်းလို့ အအေးစလာပြီ၊ ဆေး စကိုင်ပေတော့"

ဤဘူတာက ကြက်ကြော်၊ ဘဲကြော်ကြီးတွေမှာ တစ်ကောင်းလုံးမှ လေးစိပ်သာ ခွဲကြော်ထားသဖြင့် အဆီတွေ တဝင်းဝင်းနှင့် မြင်ရ၊ စားရ အားရစရာ။ တစ်စိပ်မှ ငါးမူး။

ကျွန်တော်သည် ဤဘူတာတွင် ဆူဖြိုးသော ဝမ်းဘဲကြော် ရင်အုပ်သားနှင့် လက်သုပ်သဖွယ် နုပ်နုပ်စဉ်း၍ ငရုတ်သီးစဉ်းထားသော အလကားရသည့် မုန်ညင်းချဉ်ကို တွဲဖက်ကာ အရက်နှင့် တွဲသောက်ရသည်မှာ ယခု စာရေးနေစဉ်ပင် သွားရည်ကျချလိုက်ရပါ၏။

"ဟေ့...စားကွ၊ ကြက်သားကြော်၊ ဘဲသားကြော်မှာဖြင့် ကသာ၊ မြစ်ကြီးနားလမ်းမှာတော့ ဒီဘူတာ ထိပ်တန်းပဲကွ"

ကျွန်တော်သည် သူကလေးကို တစ်ခုပေးလိုက်၏။

သူသည် ကျွန်တော် အားရပါးရ စားနေသည်ကို ကြည့်နေပြီးမှ တစ်ဖွဲ့ ကိုက်စားလိုက်ကာ အလွန်အရသာတွေ့သွားသော မျက်နှာလေးဖြင့်...

"ဟင်...ဟုတ်တယ် ကိုဆွေ"

ကျွန်တော့်နာမည် ပထမဆုံး စခေါ်လိုက်ခြင်း ဖြစ်ပါ၏။

ကျွန်တော်သည် အရက်ဝင်လျှင် နှုတ်ပို၍ ရွှင်လာသူဖြစ်ပေရာ...

"အေးကွယ့်၊ ကိုယ်ဖြင့် ဟောဒီ ခရီးသွားရင်း ဒီမော်လူးမှာ ကြက်သားကြော် စားရတာရယ်၊ မိုးညှင်းမှာ ညစာ စားရတာရယ်၊ မြစ်ကြီးနား

mgyoe.com

mgyoe.com

တက်တုန်းက တရုတ်ဟိုတယ်မှာ စားရတာရယ် သဘောအကျဆုံးပဲ။ မင်း အခုည မိုးညှင်းရောက်ရင်လေ ညစာ ကောင်းကောင်း စားရဦးမယ်ကွ၊ အဲဒီ ဆိုင်က တရုတ်တွေက မုန်ညင်းဖူးအထုပ်ကြီးတွေနဲ့ကြော်တဲ့ အစိမ်းကြော် နဲ့ ဂျင်းနံ့ကလေး တသင်းသင်းနဲ့၊ ငါဖြင့် အသည်းကင်မှာ တို့ ရန်ကုန်က တရုတ်တွေထက်တောင် သာသေးတယ်လို့ အောက်မေ့တယ်"

ကလေးမ ကျွန်တော်တို့နှင့် သွားရ၊ စားရ၊ အားရပါးရ ရှိလေအောင် ကျွန်တော်က အရက်ရှိန် ရှွင်ရှွင်နဲ့ ရင်းရင်းနှီးနှီး ပြောလိုက်ပါသည်။

သို့သော် ထိုည၌ ထိုကလေးမသည် မိုးညှင်းတွင် ကျွန်တော်တို့ နှင့်အတူ တရုတ်ဆိုင်သို့ လိုက်၍မစားပါ။ သူ သိပ်မဆာ။ ခေါက်ဆွဲတစ် ထုပ်သာ ဝယ်ခဲ့ပါဟုဆို၍ ကျွန်တော်တို့ ညအိပ်ရမည့် မီးရထားဝင်းက အိမ်ခန်းတွင် နေခဲ့၏။

ကိုလှငွေ၊ ကိုအောင်ကြီး၊ ကျွန်တော်တို့ သုံးယောက်သားသည် ထိုည တရုတ်ဆိုင်တွင် အရက်နှင့် ထမင်းစားရင်း လွတ်လွတ်လပ်လပ် ထင်ရာ၊ မြင်ရာတွေကို ဝမ်းသာအားရ ပြောကြသည်။

"မဟုတ်တော့ ကိုယ်တို့ကို ည(၈)နာရီကျော်၌ စားသောက်ပြီး ကြ၍ တည်းအိမ်သို့ ပြန်ရောက်ကြသောအခါ သုံးယောက်စလုံး ပြုံးမိကြ သည်ကား အထက်သူ အပျက်ဖြူမကလေးသည် ကိုလှငွေနှင့် ကိုအောင် ကြီးတို့ အိပ်ရာများကို အခန်းခေါင်းရင်းဘက်၌ နှစ်ခုယှဉ်ကာ ဖြန့်ခင်း ပြင်ဆင်ထား၍လည်းကောင်း၊ ကျွန်တော့်အိပ်ရာနှင့် သူ့ဟာကိုမူ နှစ်ခု ပေါင်း၍ အခန်းခြေရင်းဘက်၌လည်းကောင်း ကျကျနန စီမံထားခြင်းပင် ဖြစ်ပေတော့၏။

ကျွန်တော့်အိပ်ရာလိပ်ကို မီးရထားပေါ်မှ ချစဉ်ကပင် သူ အမှတ် သညာ ထားခဲ့ပေမည်။ "ဩော်...သူ ဒီလို စီမံချင်လို့ ထမင်းစား မလိုက်ရှာ သကိုး"ဟု ကျွန်တော် တွေးမိပါသည်။

သူ့စိတ်ကူးကလေးကိုလည်း စဉ်းစားမိပါ၏။

mgyoe.com

mgyoe.com


သူ ဤအခြေသို့ ရောက်နေရှာသော်လည်း သီးသီးသန့်သန့် ဖြစ်ချင်ရှာသည်။ ယောကျ်ားတို့၏ အပြုအမူကိုလည်း တွေ့ကြုံဖူးခဲ့ဟန် တူပေသည်။

သို့သော် ကျွန်တော်နှင့် ကိုအောင်ကြီး၊ ကိုလှငွေတို့၏ စိတ်ထားမှာ သူ ထင်သကဲ့သို့ မဟုတ်ပါချေ။

ကျွန်တော့်မိတ်ဆွေ နှစ်ယောက်သည် သူ၏ အစီအမံကလေးကို ခေတ္တမျှကြည့်၍ ပြုံးပြီးနောက် သူတို့အိပ်ရာများကို အသီးသီး လိပ်ကြကာ ထုံးစံအတိုင်း သူတို့အိမ်ဖော်များရှိရာသို့ သွားကြလေ၏။

ထို့ကြောင့်...

ထိုညတွင် ထိုအခန်း၌ သူကလေးနှင့် ကျွန်တော် နှစ်ယောက်တည်းသာ ကျန်ခဲ့ပါတော့၏။

■

mgyoe.com

mgyoe.com

# တစ်မိုးသောက်သော်

နောက်တစ်နေ့ နံနက်တွင်ကား ကျွန်တော်တို့နှစ်ယောက်မှာ တစ်ဘဝ ပြောင်းခဲ့ပါပြီ။

ကျွန်တော် အိပ်ရာက နိုးသောအခါ၌ သူ ထနှင့်နေ၍ အဝတ်အစားပင် လဲလှယ်ပြီးနေချေပြီ။ ကျွန်တော် အိပ်ရာပေါ် ထထိုင်လိုက်လျှင် သူသည် ကျွန်တော့်ခြေရင်းဘက်နား၌ မျက်နှာအလှပြင်နေရာမှ ကြည်လင်ရင်းနှီးသော အပြုံးကလေးဖြင့်...

"သြော်...ကို နိုးပြီလား"

ကျွန်တော်သည် ကြည်နူးခြင်းဖြင့် ပြန်၍ ပြုံးလိုက်မိပါသည်။

"အတော်ပဲ၊ ရေနွေးရုံလောက်ကလေး ကျန်တော့တာနဲ့ ကျွန်မတို့ မျက်နှာသစ်ဖို့ လက်ဖက်ရည်ဆိုင်က ရေနွေးသွားတောင်းထားတယ်"

ပြတင်းပေါက်ဘောင်ပေါ်က ရေခွက်ကို ညွှန်ပြပါသည်။

ပြီးလျှင်...

"သြော်...ဒီဟာ ကိုဆွေရဲ့ သွားပွတ်တံ ဟုတ်ရဲ့လား"

သူ့အနီးရှိ လွယ်အိတ်ထဲတွင် စိုက်၍ထားသော သွားပွတ်တံ တစ်ချောင်းကို ပြပါသည်။

"ဟုတ်တယ်၊ ယူလိုက်ပါ၊ အိတ်ထဲမှာ သွားတိုက်ဆေးလည်း ရှိတယ်"

mgyoe.com

mgyoe.com

"အို...ကျွန်မက ကိုဆွေ့ဟာ ဟုတ်မှဟုတ်ပါ့မလားလို့ ကြည့်နေတာ"

သူသည် ပြောပြောဆိုဆိုနှင့် သွားပွတ်တံရော၊ သွားတိုက်ဆေးဘူးပါယူ၍ ရေခွက်ဆီသို့ ထသွားကာ သွားပွတ်တံကို ရေစင်စင်ဆေးပြီးမှ သွားတိုက်ဆေးတင်၍ ကျွန်တော့်ဆီသို့ လာပေးပါသည်။

ဤ သူ၏ အပြုအမူကလေးများကို မြင်ရသည်၌ ကျွန်တော် ညက မှတ်မိသေးသော မိန်းမတို့၏ အချက်အလက် ကလေးများနှင့် ဆက်သွယ်မိကာ ကျွန်တော်၏ စိတ်ကြေးမုံပြင်တွင် "သူဟာ အပျက်ကလေးသာပဲ" ဟူသော သာမန်အယူအဆကို ကျော်လွန်၍ သူ့အတိတ်ကာလ၏ မှုန်မွှားသော အပိုင်းအစကလေးများကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိပါ၏။

ကျွန်တော် ပြတင်းပေါက်ဝ၌ မျက်နှာသစ်နေစဉ်တွင်လည်း ကျွန်တော့် နံဘေးနားမှာ မျက်နှာသုတ်ပဝါကို အသင့်ကိုင်၍ စောင့်နေကာ ပြီးခါနီးမှ...

"ကို...ရေနွေးတော်ပြီလား၊ နောက်ထပ် ယူဦးမလား"

"တော်ပြီမ...သြော်...မင်းနာမည်...ဘယ်သူ..."

ကျွန်တော်သည် သူ့လက်ထဲမှ မျက်နှာသုတ်ပဝါကို လှမ်းယူရင်း စိတ်ထဲ ဇဝေဇဝါ ဖြစ်နေသည်နှင့် မေးလိုက်ရာ သူသည် မျက်နှာသုတ်ပဝါကိုပေးပြီး ခြေထောက်ကလေးတစ်ဖက်ကို နောက်သို့ ခပ်လျှော့လျှော့ကလေး ဆုတ်လိုက်ကာ...

"ရော်...ကြည့်ပ၊ ညကလည်း တစ်ညလုံးမေးလို့ ပြောလိုက်ရတာ၊ အခါတစ်ရာလောက် ရှိမယ်ပ၊ အခု မမှတ်မိတော့ဘူးလား"

ကျွန်တော်သည် မျက်နှာသုတ်ပဝါကို မျက်နှာမှခွာ၍ စဉ်းစားဟန်ပြုပြီး....

"သြော်...သြော်...မသန်းဆိုလား"

"ရော်...မဟုတ်ဘူးပ"

"ဒါဖြင့် မသီ"

"ဟင်...သာမဟုတ်သေး"

mgyoe.com

mgyoe.com

"နို့...ဘယ်သူတုံး ပြောပါတော့၊ ကိုယ် သတိမရတော့ဘူး"

"ရော်...ဒီလိုဆို သူ ညတုန်းက ပြောတာတွေ ဘာမှ မှတ်မိမှာ မဟုတ်တော့ဘူးပဲ။ ဒါလောက်ပဲ အရက်မူးခဲ့တာပ၊ မသန်းလည်း မဟုတ်ဘူး၊ မသီလည်း မဟုတ်ဘူး၊ မသူတဲ့၊ သိရဲ့လား...မသူ"

"ဩော်...မသူ...မသူ"

ကျွန်တော့်နှုတ်မှ အဘယ်ကဲ့သို့ အဓိပ္ပာယ်နှင့်မသိ။ အမှတ်မဲ့ ရေရွတ်လိုက်မိပါသည်။ သူကတော့ တစ်မျိုး ထင်ရှာဘိမည်။

"အဲ...အဲ...အဲသည်လို ထပ်ဆိုထားပ။ နောက် မမေးရတော့အောင်"

ကျွန်တော် ပြုံးလိုက်မိပါ၏။

ထို့နောက် ကျွန်တော်သည် မျက်နှာသုတ်ပဝါ ပြန်ပေးရင်း သူ့မျက်နှာကလေးကို စိန်းစိန်းဝါးဝါး ကြည့်လိုက်မိသည်တွင် ရုတ်တရက် ကျွန်တော့်စိတ်အာရုံထဲ၌ ကျွန်တော့်ဇနီး၏ ပုံသဏ္ဌာန်ပေါ်ပေါက်လာကာ ကျွန်တော့်ရင်ထဲတွင် မဖော်ပြနိုင်သော ချောက်ချားခြင်းမျိုးဖြင့် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားပါလေ၏။

ဤအရပ်တစ်ပါး၌ ကျွန်တော်၏ ပထမဦးဆုံးအကြိမ် ဖောက်ပြားမိခြင်းပေတည်း။ ယင်းသည့်အခိုက်ကလေးမှာပင် ကျွန်တော့်ကိုယ် ကျွန်တော် ဆင်ခြင်မိ၏။

သူ့အား သူတစ်ပါးဆိမှ လုယက်ပျော်ပါးသည်လည်း မဟုတ်။

တစ်ညပြီး နောက်တစ်နေ့ရောက်၍ မေ့ပျောက်သွားမည်လည်း မဟုတ်။ ကျွန်တော့်စိတ်အား ပျော့သည်၊ ညံ့သည်ဟု ဆိုချင်ဆို၊ သူ့အပေါ် ကရုဏာအမှုန်ကြဲများ ဖြူး၍နေမိပါပြီ။

ယခုမနက် အိပ်ရာထကလေး၌ ကာလကြာစွာ ကြင်ဖော်နှင့် ဝေးနေခဲ့သော ကျွန်တော့်မှာ တစ်မျိုးတစ်ဖုံပင် ကြည်နူးမိပါပေသည်။

မကြာမီ ကိုလှဌေးနှင့် ကိုအောင်ကြီးတို့ ပြန်ရောက်လာကြသော အခါ ကျွန်တော့်မှာ အဝတ်အစား သန့်သန့်ပြန့်ပြန့် လဲလှယ်ပြီးနေ၍ ကျွန်တော်တို့၏ မိတ်ဆွေအသစ်ကလေး မသူကမူ ကျွန်တော့် အိပ်ရာလိပ်နှင့်

mgyoe.com

mgyoe.com

အဝတ်အစားများကို သူ့ဟာများနှင့် ပေါင်းသင့်တာပေါင်း၍ သိမ်းဆည်းထုပ်ပိုးနေပေရာ ကိုလှငွေတို့နှစ်ယောက်သည် ကျဲကျဲကြီး ပြုံးကြပြီး "ဒီမ်ပါပဲလား ဗျို့"ဟု သာဓုအနုမောဒနာ ပြုလိုက်ကြပါ၏။

မကြာမီ ကျွန်တော်တို့သည် ကျိုက်ကျိုက်ဆူနေသည့်တိုင် နွေးရုံလောက်သာ ထင်ရသော မိုးညှင်းနံနက်ခင်း လက်ဖက်ရည်ကို သောက်ကြပြီးနောက် ခရီးဆက်ရန် မီးရထားပေါ်သို့ ရောက်ခဲ့ကြလေ၏။

သည်အချိန်မျိုး ရထားပေါ်ကနေပြီး ပတ်ဝန်းကျင်ကို လှမ်းကြည့်ရာ နှင်းပြာကန့်လန့်ကာကြီးကို ပတ်ပတ်ရံထား၍ ဘာမျှမမြင်ရ။

သံဝါဖြောက်ဖြောက်

ဆီးနှင်းပေါက်တို့

မိုးလောက်ပြင်းထန်

ချမ်းအေးလိုက်တဲ့ ဖြစ်ခြင်းမတော့

မနက်ကျတော့ ရေခဲပြားကလေးစား။

အချိန်တန် နာရီစေ့သည်တွင် မီးရထားကြီးသည် မိုးညှင်းတစ်မြို့လုံးကို နှုတ်ဆက်လိုက်လေ၏။

မြန်မာရာဇဝင်တွင် "မြန်မာအစ တကောင်းက"ဟု စာတင်ခဲ့သော မင်းနေမြို့တော်။ ယခုအခါ၌ ပေထန်းလျက်နှင့် ငါးပိငါးချဉ်ထွက်သော တံငါရွာကလေးမျှ ဖြစ်နေသော၌ာနကို အစပထမဦး မစူးစမ်းဖူးပါလျှင် ရှေးယခင် အင်းဝခေတ်တွင် နာမည်ကြီးခဲ့သော မိုးညှင်းမြို့တော်အား ယခုကဲ့သို့ ရွာအလယ် စမ်းချောင်းကလေးမှ ဆယ့်နှစ်ရာသီ ရေရဟတ်ကလေးများဖြင့် မုန်လာ၊ မုန်ညင်း စိုက်ပျိုးရသော သာမန် ရှမ်းဇနပုဒ်ကလေးမျှ ဖြစ်နေသည်ကို တွေ့မြင်ရပါလျှင် ဟိုယခင် မင်းနေမြို့တော်ဟု ပြောကြသည်မှာ အလွန်တရာ အံ့ဩစရာကြီးပါပေ။

သည်နေရာ၌ မိုးညှင်းကို ထားပါဦး။ အင်းဝမြို့တော်ကိုပင် ပြန်ကြည့်ပါဦး။ ပုဂံမှာတော့ "လှည်းဝင်းရိုးသံ တညံညံ ပုဂံဘုရားပေါင်း" သက်သေခံလို့ တော်ပါသေး၏။ အင်းဝမှာဖြင့် တံငါပိုက်ကွန်တွေထွက်သော ရွာကလေးပါပဲ။

mgyoe.com

mgyoe.com

ဤအထက်ပိုင်း၌ မိုးညှင်းမြို့ဟု ခေါ်ရသော ဒေသကလေးမှာ ကျွန်တော်တို့ အောက်ပိုင်းက "မြို့"ဟုခေါ်သော ဌာနများနှင့် စာလိုက်ပါလျှင် အမှန်ပင် သေးသိမ်လှပါပေသည်။ လမ်းမကျယ်ကျယ်ကလေး နှစ်ခု၊ အိမ်ဈေးဆိုင်ကလေးများ ပြောက်ကျားနှင့် မနက်ဈေးကလေး ရှိပါ၏။ လူနေအိမ်ခြေ သိပ်မများ။ အနေအထားကလည်း မကျယ်ဝန်းသဖြင့် အခြားရေလမ်း၊ ကားလမ်းမရှိ၍ သူတို့၏ စိတ်ဝင်စားစရာ တစ်ခုတည်းဖြစ်သော မီးရထားကြီးက ဥဩသံကို နားထောင်ချင်ပါလျှင် တစ်မြို့လုံးတွင် မကြားရသော နေရာဟူ၍ ရှိမည်မထင်ပါ။

ထို့ကြောင့် မီးရထားကြီးသည် ထွက်ခါနီး၌ တစ်မြို့လုံးကို နှုတ်ဆက်လိုက်သည်ဟု ကျွန်တော် ဆိုပါ၏။

ကျွန်တော်တို့တွဲ၌ အတူပါခဲ့သော ခရီးသည်များမှာ ပကတိအားဖြင့် ရိုးသားငြိမ်သက်သော ရှမ်း၊ ကချင်၊ ဂဒူး၊ ဂနန်းများဖြစ်၍ ညကမှစပြီး ဖနီးမောင်နှံလို ဖြစ်ခဲ့ကြသော ကျွန်တော်တို့ မောင်မယ်သည် စိတ်သန့်ရဲတင်းစွာ ဆက်ဆံခဲ့ကြပါသည်။ နံဘေးပရိသတ် အမြင်အားဖြင့် ရွယ်တူရုပ်ကောင်းနှင့် ကျွန်တော်တို့ကို တကယ့် လင်မယား အောက်မေ့ကြမည်မှာ မလွဲပေ။

အကြင်နာပိုသော မသူသည် မနေ့ကတိုက်ပွဲကြောင့် ကိုယ်လက်တွေ နာကျင်နေသော ကျွန်တော့်အား ထိုင်ခုံမီရာတွင် ကျောပြင်နာမှာစိုးသောကြောင့် သူ့လက်မောင်းကလေးဖြင့် ဖေး၍ဖက်ထား၏။ နှစ်ယောက်ပူး၍လည်း စောင်ကြီးတစ်ထည် ခြုံထား၏။ ဤသည်လည်း ထိုအရပ်၏ မျက်မြင်မှာ မဆန်းပါ။ သူတို့ဆီ နံနက်ခင်းက ချမ်းလှသကိုး။ မီးရထားပေါ် အလွန်စကားများတတ်သော ကာကာကုလားမျိုးတွေတောင် နှုတ်ခမ်းမလှုပ်။

ကိုလှငွေတို့ကား သူတို့တာဝန်အလျောက် တစ်တွဲဆင်း၊ တစ်တွဲတက်နှင့် အလုပ်များလျက်။ ဟိုပင်ဘူတာသို့ ရောက်သောအခါ စားသောက်စရာများရ၍ ကျွန်တော်တို့ဆီသို့ ငှက်ကြော်နှင့် အရက်ဘူးကို ယူလာကာ ကိုလှငွေက စောင်ခြုံမခွာသေးသော ကျွန်တော်တို့ မောင်မယ်ကိုကြည့်ပြီး...

mgyoe.com

mgyoe.com


"အမယ်...ကိုးနာရီပဲ ကျော်နေပါပြီဗျာ၊ အလကားသက်သက် ချမ်းကောင်းတာနဲ့ ချမ်းနေကြတယ် ထင်ပါရဲ့။ ရော့...ရော့...ဆေးကိုင်" ဟုဆိုပြီး အရက်နှင့် စားစရာကို ပေးပါသည်။

"ဆေးကိုင်"သည်ဆိုသော စကားမှာ "ဆရာတို့ ဒီအရပ်မှာ ဆေးကိုင်မှ ဖြစ်မယ်နော်"ဟု ကျွန်တော်တို့ကို အရက်သောက်ရန် တိုက်တွန်းစကား ပြောလိုက်ဖူးသော ရှမ်းအဘိုးအိုကြီးတစ်ယောက်ထံမှ ကျွန်တော်တို့ ရရှိ၍ အရက်သောက်ခါနီး တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ရာမှ ယခု အတည်လို ဖြစ်နေပါသည်။

ကျွန်တော့်မှာလည်း ဤအရပ်ဒေသသို့ရောက်ခါမှ ငှက်ဖျားရောဂါ ကာကွယ်ရင်းကစပြီး ယခုဆို အရက်သမားလို ဖြစ်နေပါပြီ။

ဤအရပ်၌ အရက်သောက်ခြင်းသည် မိန်းမများ၏ မျက်စိ၌ပင် မဆန်းတော့ပေ။

ကချင်လူမျိုးတို့တွင် အရက်ကောင်း ချက်တတ်သော မိန်းမသည် ဂုဏ်ယူ၏။ အနှောက်နိုင်ငံ မဆန်ပါလော။

ယခု ကိုလှငွေတို့ အရက်လာပေးချိန်မှာ ကျွန်တော့်ဝမ်းထက ခပ်ဟာဟာဖြစ်နေ၍ မဆိုင်းမတွပင် အရက်တစ်ခွက်ကို ငုံ့လိုက်ပါသည်။ ပထမ ငှက်ကြော်ကို တော်တော်များများစားလိုက်ပြီး အရက်ခွက်ကို ပါးစပ်တေ့လိုက်သောအခါ၌ နံဘေးမှ ငှက်ရင်အုပ်ကို ဖဲ့ဝါးရင်း မျက်စိကြောင်တောင် ကလေးနှင့် ကြည့်နေသော မသူက ရုတ်တရက် ပြုံးယောင်ကလေးပြလိုက်ကာ...

"ဟင်...မသောက်ခင် မတ်ထားဦးနော်၊ ကျွန်မ နာမည် မသူတဲ့"

သူတို့ "ဟထိုး"သံမပါသော မြန်မာပြည် အထက်ဖျားသံကလေးဖြင့် ပြောလိုက်ရာ ဤစကားအဓိပ္ပာယ်ကို ကိုလှငွေနှင့် ကိုအောင်ကြီးတို့ နားမလည်ကြသော်လည်း ကျွန်တော့် မျက်စိထဲတွင်မူ "အလဲ့...အလာသား ကောင်မကလေး"ဟု ပြုံးလိုက်မိကာ "မတ်ထားပါ့မယ်ဗျာ၊ မမေ့တော့ပါဘူး၊ မသူ...မသူ၊ သွားရော့ဟယ် ဒီနာမည်ကလေး အသည်းထဲကို။ ဟော့ဒီ အရက်ခွက်နဲ့ အတူတူ"ဟုဆို၍ သူ့ကို ပြန်နောက်ရန် စဉ်းစားရင်း သောက်

mgyoe.com

ချလိုက်ပြီးမှ သူနှင့် ပါးချင်းကပ်လိုက်ပြီး ကျွန်တော့်ပါးကို ပွတ်၍ မျက်နှာထားတည်တည်ဖြင့်...

"ဟင်...မသူ၊ မင်း နားတောင်းက ငါ့ပါးကို သိပ်စူးတာပဲကွာ။ မင်းတော့ ငါ မစူးတဲ့ နားတောင်းဝယ်ပြီး လဲပေးဦးမှပဲ"

မသူသည် အဟုတ်မှတ်ဟန်ဖြင့်...

"ဘယ်လို မစူးတဲ့ နားတောင်းနဲ့ လဲပေးမှာလဲ"

"ကြည့်...ဟောဟိုနားတောင်းမျိုး"ဟုဆို၍ အနီး၌ရှိသော ကချင်ကြီးတစ်ယောက်၏နားမှ အလုံးလက်မခန့်၊ အလျားတစ်ညိုသာသာမျှရှိသော တစ်ဖက်ချွန် ဖယောင်းတိုင်ပုံ ပယင်းနားတောင်းကြီးကို ညွှန်ပြလိုက်ရာ မသူသည် ရှက်သယောင်ယောင်ကလေးဖြင့် ကျွန်တော့်ပေါင်ကို မနာမကျင် လိမ်လိုက်ကာ...

"ဟင်...ကိုကလည်း နောက်တတ်တာပဲ"

ကျွန်တော်က ပြုံး၍...

"နို့...မင်းနာမည်က မသူဆို..."

တစ်ဘူတာဝင်၊ တစ်ဘူတာထွက်နှင့် တောင်နီဘူတာသို့ ရောက်ခဲ့သောအခါ ကျွန်တော်တို့ မိတ်ဆွေကလေး မောင်ထွေးသည် သူ၏အပတ်စဉ် မှန်မှန်ပြုနေကျ ဝတ္တရားအတိုင်း ကြက်အရှင်တစ်ကောင်နှင့် အရက်နှစ်ပုလင်းကို လာ၍ပေး၏။ အကြောင်းမှာ မောင်ထွေးသည် ကျွန်တော်ကြေးကုန်ကူးစဉ်ကပင် ကျွန်တော်၏ အဝယ်တော်ဖြစ်ခဲ့၍ ကျွန်တော်ထုတ်ပေးသော ငွေရင်းဖြင့် သူတို့ရွာမှ ဝက်၊ ကြက်၊ အရက်တို့ကို ကိုလှငွေတို့ ပါဝါနှင့် မီးရထားတွင် အလာကားတင်၍ ကသာမြို့သို့ သွားရောက်ရောင်းချခြင်းကို ပြုရ၏။

ထို့ကြောင့် သူသည် ကျွန်တော်တို့ပါမည့် အပတ်ဆိုလျှင် ကြက်နှင့် အရက်၊ တစ်ခါတစ်ရံ ဆတ်သား၊ ချေသားများဖြင့် ဘူတာမှ လာစောင့်လေ့ရှိ၏။ ဤအပတ်ပေးသော ကြက်ကလေးမှာ ငါးဆယ်သားခန့် ကြက်ဖနုနုဖပ်ဖပ်ကလေး ဖြစ်၏။ မသူသည် ကြက်ဖလေးကို မြင်လျှင်မြင်ချင်း ယုယစွာ ပိုက်ချီလျက်...

mgyoe.com

mgyoe.com

"ဟင်...ဒီကြက်ကလေးက မွေးဖို့လား"

"အေး...ဟုတ်တယ်၊ မြစ်ကြီးနားကျရင် တို့ဗိုက်ထဲမှာ မွေးဖို့၊ အခုဆို မင်း ဗိုက်ထဲလည်း ထည့်ပေါ့"

မသူသည် ကြက်ဖကလေးကို ကရုဏာသက်ကာ မျက်လုံးကလေး ပြူး၍...

"ဟင်...သတ်စားမှာ"

"အရှင်လတ်လတ် စားလို့မှ မဖြစ်တာကွ"

"အို...ကိုကလည်း (မျက်စောင်းကလေး ခဲလိုက်ပြီးမှ) သနားပါတယ်ကွယ်၊ သတ်မစားပါနဲ့"

"သတ်စား မပစ်လို့ ဘေးမဲ့လွှတ်ပေးရမှာလား"

"ဟင်...ကျွန်မ မွေးထားချင်လို့ပါ။ ပေးနော် ပေးပါ၊ ကျွန်မကို ပေးပါနော်၊ ကသာကျရင် ကျွန်မ မွေးထားပါရစေနော်"

■

mgyoe.com

mgyoe.com

# မိုးကောင်း

ကျွန်တော့်ဆရာကြီး ရွှေဥဒေါင်းသည် အထက်မြန်မာပြည်ကို နှံ့စပ်သူဖြစ်ပေရကား သူ့ဝတ္ထုများတွင် အများအားဖြင့် ဤမြစ်ညာဒေသတို့ကို အခြေခံသည်ကို တွေ့ရပေသည်။ စင်စစ် ရွှေဥဒေါင်းကဲ့သို့ စွန့်စားခန်းနှင့် အထူးအဆန်းကို ရေးလိုသော စာရေးဆရာသည် ဤအရပ်ဒေသနှင့် ရှမ်းပြည်နယ်များကို နှံ့စပ်ဖို့ လိုပေသည်။ ရွှေဥဒေါင်းသည် ထိုသို့ နှံ့စပ်ခဲ့သောကြောင့် အင်္ဂလိပ်ဝတ္ထုများကို မြန်မာလိုယူရာ၌ သူမတူအောင် ကောင်းမွန်ခြင်း ဖြစ်လေသည်။

ယခု စစ်ပြီးခေတ်မှ ရုပ်ရှင်ရိုက်ကူး ပြသခြင်းပင် ပြုရသော "ဂျမဒါကိုကိုကြီး"ဝတ္ထုသည် မိုးကောင်းမြို့ကို အခြေခံလေသည်။ ဤဝတ္ထုကို ဖတ်ရစဉ်က ကျွန်တော်မှာ ချာတိတ်၊ မိုးကောင်းမြို့၌ ၎င်းဝတ္ထုထဲမှ အဖြစ်အပျက်တွေကို စိတ်ဝင်စားလိုက်သည်မှာ ပြောစရာမရှိတော့။ ကျွန်တော်ကိုယ်တိုင် ဇာတ်လိုက် ကိုတောက်ထွန်း (ဂျမဒါ ကိုကိုကြီး)ဖြစ်ကာ မိုးကောင်းမြို့သို့ သွားပြီး စွန့်စားချင်စိတ်များ တဖွားဖွား ပေါ်လာပါတော့သည်။

"မိုးကောင်းမြို့ကို ရောက်လိုက်ချင်ပါဘိ၊ ဘယ်တော့များ သွားရပါ့"

ဟိုယခင် ဂျမဒါကိုကိုကြီးဝတ္ထုကို ဖတ်ခဲ့စဉ်က ကျောင်းစာသင်ခန်းမှနေ၍ တမ်းတခဲ့မိ၏။

mgyoe.com

m gyoe.com

ဟော…အခုဖြင့် ရောက်ခဲ့ပေပြီ။ ရောက်ခဲ့ပြီဗျ။

သို့သော် ဝတ္ထုဖတ်ရစဉ်တုန်းကလိုဖြင့် စွန့်စားချင်စိတ်များ တဖွားဖွားမဟုတ်တော့။ မိုးကောင်း၊ ကာမိုင်း (ကျောက်တွင်းဒေသ) သူကလေးများနှင့် မိတ်ဆွေဖြစ်ချင်သောစိတ်သာ မဟားဒယား ပေါ်လာပါတော့သည်။

အကြောင်းမူကား အဲဒီအရပ်သူကလေးတွေက ချောလှသကိုးဗျ။

မိတ်ဆွေ ကသာ၊ မြစ်ကြီးနား မီးရထားနှင့် ခရီးသွားဖူးပါရဲ့လား။ သွားဖူးလျှင်ဖြင့် နို့ပြီး…ကျွန်တော့်လို အကောင်လို ဤကိုစ္စမျိုး မျက်စိစူးရောက်တတ်လျှင် ယခု ကျွန်တော့် ပြောမှာတွေ သိပြီးဖြစ်နေတော့မှာပဲ။ သို့သော် မရောက်ဖူးသေးတဲ့ လူတွေအဖို့ ဖောက်သည်ချလိုက်ပါရစေဦးနော်။

ကသာမြို့က ထွက်လာကတည်းက တစ်ရက်နှင့်တစ်ဝက် သွားရတဲ့ ခရီးစဉ်တစ်လျှောက် ရောက်လေရာရာ ဘူတာတွေမှာ လူထုအခြေအနေ (များသောအားဖြင့် လူတန်းစား)ကို သတိပြု ကြည့်ရှုဆင်ခြင်ခဲ့၏။ အဝတ်အစား၊ အပြောအဆို၊ အမူအရာ၊ ပညာ၊ ဗဟုသုတ အရည်အချင်းမှစပြီး အစစ၊ အရာရာမှာ အားရစရာမရှိ။ ပကတိ ရိုးသားကြ၍ သနားစရာ၊ အားနာစရာများသာ ဖြစ်ပါတော့သည်။

သို့သော် မိုးကောင်းမြို့ ဘူတာကို ဆိုက်ဝင်လိုက်သောအခါ၌ကား ရုတ်တရက်ပင် ကျွန်တော်တို့ ရန်ကုန်မြို့ကြီး၊ သို့မဟုတ် ရွှေမန်းမြို့တော်ကြီးများ ရောက်လာလေသလားဟု အမှတ်တမဲ့ အောက်မေ့လိုက်ရမိပါသည်။

အကြောင်းမူကား (မြို့နှင့် ဘူတာ ကြီးကျယ်လို့တော့ မဟုတ်) သူလိုငါလို လှုပ်လှုပ်ရှားရှား လူစုထဲတွင် အမောက်ကြီးတွေ တကားကား (ထိုအချိန်က အမောက်ခေတ်) ပါးနီတွေထွေးထွေး၊ နှုတ်ခမ်းနီတွေရဲရဲ၊ နားသံသီးတွေတွဲလဲနှင့် ကျောက်စိမ်း ဒွာဒရာတွေ ခဲနေသော မိုးကောင်း၊ ကာမိုင်းသူများကို ဘွားခနဲ မြင်လိုက်ရသောကြောင့် ဖြစ်ပါ၏။

ဘယ့်နှယ်များ ဘယ့်နှယ်ကြောင့်ရယ်မသိ။ မန္တလေးနှင့် မြစ်ကြီးနားအကြားတွင် ဤမိုးကောင်းသူများသည် စတိုင်ဖက်ရှင်အရာ၌ ရန်ကုန်သူတို့၏ တပည့် ရွှေမန်းသူများနောက်ပါးက ကပ်၍ ပါးလာတော်မူကြပါသည်။

mgyoe.com

mgyoe.com

ဩော်...ကျောက်စိမ်းရတနာထွက်တဲ့ အရပ်ကမို့လို့ ဆိုမှ ထင်ပါရဲ့။

(ဒါ စိတ်ဆိုးစရာ မဟုတ်ပါဘူးနော်၊ မမိုးကောင်းသူရယ်)။

မိုးကောင်းသည် မော်လမြိုင်နှင့် ရာသီဥတုချင်း တူညီ၏။ သို့သော် အစားအသောက်၊ အာဟာရ၏ အရသာချင်း ခြားနားမှုကြောင့် ထင်ပါ့။ အထူးသဖြင့် တင်ပါးဆုံအရာတွင် ကျော်စောကိတ္တိရှိပေသော ရွှေမြိုင်သူများလောက် မိုးကောင်းသူများ၏ ကိုယ်လုံးကိုယ်ပေါက်က အားရစရာ မကောင်းပါချေ။

အထူးသဖြင့် ကောင်းမွန်လှပ၍ ကျွန်တော်တို့ ပြည်မနယ်သူများကဲ့သို့ပင် တင်တွဲ့တွဲ့နှင့် ယဉ်နွဲ့နွဲ့ကလေးတွေ များကြလေသည်။

ဤနေရာ၌ ရန်ကုန်သူများနှင့်ကား နှိုင်းယှဉ်၍မဖြစ်ပါ။ အကြောင်းမူ ရန်ကုန်သူများသည် ပုံသဏ္ဍာန် မျိုးစုံ၏။ ရွှေမန်းသူများနှင့်ကော မတူကြပါ။ ရွှေမန်းတွင် ရွှေဘိုနယ်က ဆင်းသက်သော အသားညို ပေါင်တံရှည်များနှင့် တင်ကြီးရင်ကျယ် မဇေနွယ်တို့ ရောနှောနေ၏။

တရုတ်စပ်တွေကလည်း ထွားထွားကျိုင်းကျိုင်းကြီးတွေ။ မီးရထားလမ်း၏ အနောက်ဘက်မှာ ဘူတာနှင့် မိုးကောင်းမြို့ရှိ၍ အရှေ့ဘက်၌ကား လဟာကျင်းသည့် ကွင်းပြင်။

ကျွန်တော် ရောက်သည့်အခါမှာ မိုးကောင်းမြို့သည် အခြားမြို့များနည်းတူ စစ်ဒဏ်ခံထားရသည်ဖြစ်သောကြောင့် သာယာလှပခြင်း မရှိသေးချေ။ သို့သော် ကာမိုင်းနှင့် ကူးသန်းနေသော လော်ရီကားကြီးများပေါ်၌ ပါလာတတ်ကြသော ထိုအရပ်သူကလေးမများကား ချောမောလှပနေကြပါပေသည်။

မိုးညှင်းမှ နံနက်ခင်းထွက်ခဲ့သော မီးရထားကြီးသည် ဆယ်နာရီခန့်၌ ဤမိုးကောင်းမြို့သို့ ရောက်သည်ဖြစ်၍ နေ့လယ်ခရီးထောက်အဖြစ် တစ်နာရီမျှ ရပ်နားမည်ဖြစ်၏။ နေ့ဝက်ခရီးတာဖြင့် ညောင်းညာခဲ့သော ကျွန်တော်တို့သည် အောက်သို့ဆင်းရန် ဟန်ပြင်ကြလေသည်။

mgyoe.com

mgyoe.com


ကိုလှငွေတို့မူကား ရထားရပ်လျှင်ရပ်ချင်းပင် ကျွန်တော့်ဆီကို လာကာ ဘူတာကျောဘက်က ထမင်းဆိုင်သို့ သွားနှင့်ရန် မှာကြားခဲ့ပြီး ဘူတာထဲသို့ စာရင်းအပ်ရန် သွားကြလေပြီ။

"အောင်မယ်...ဟော့...မသူ၊ ထမင်းစားသွားတာများ ဒီကြက်ပိုက်လို့၊ ဘာလို့ ယူခဲ့မှာလဲကွ၊ ကုလားဆိုင်မှာ ကြက်သားဟင်းတွေ ချက်ပြီးသား ရှိပါတယ်"

ကြက်ကိုပိုက်၍ လိုက်ရန်ဟန်ပြင်နေသဖြင့် ကျွန်တော်က ပြောလိုက်ရာ မသူသည် ကျွန်တော့်ကို မျက်စောင်းကလေးတစ်ချက် လှည့်၍...

"အေး...ဒါဖြင့် ယူခဲ့လေ၊ ဟိုကျတော့ ပိုစိတ်ချရတာပေါ့၊ ကိုလှငွေတို့က အရက်မူးမူးနဲ့ ကုလားကို ချင်ချင်း အရေဆုတ်ခိုင်းပြီး ကြော်စားချင်စားတာ"

မသူ မျက်လုံးပြူးကာ...

"ဟင်...ဒါလောက်တောင်ပဲလား ရှင်တို့ရယ်၊ ဒါဖြင့် ထားခဲ့ရတော့မှာပ၊ သူများများ ဖမ်းသွားဦးမှာလား"

"ကြိုးနဲ့သာ ချည်ထားခဲ့ပါကွာ၊ ဒီမီးရထားမှာ တို့ပစ္စည်းခိုးဖို့လူ ပဋိသန္ဓေ မယူသေးဘူးမှတ်ထား"

ကျွန်တော်တို့ ဘူတာနောက်ဘက်က ကုလားထမင်းဆိုင်သို့ ရောက်ခဲ့ကြပါသည်။

"ကိုဆွေ...ဒါ ခင်ဗျားတို့ မင်္ဂလာထမင်းပဲလား"

ထမင်းစားပွဲတွင် လူစုံလက်စုံ စားတော့မည်အပြုဦ ကိုလှငွေက အရက်ပုလင်းကို ငုံ့ရင်း ပြုံးကျဲကျဲဖြင့် မေးလိုက်ပါသည်။

ဤအချိန်၌ ကျွန်တော့်စိတ်တွင် ကြည်ရွှင်ခြင်းသာ ဖြစ်နေလျက်...

"ဟုတ်ပလေ ကိုလှငွေ၊ ဒီမင်္ဂလာပွဲမှာ ကျွန်တော်တို့ ဖန်ခွက်တွေထဲ အောင်ဇေယျတု ငွေခရုမဟုတ်တဲ့ ခင်ဗျာ့ပုလင်းပုထဲက သွန်းဆုပတ္တနာ အရက်များများ ထည့်ပေးရော့ဗျာ။ မသူကော နည်းနည်းသောက်လေ၊ လိမ္မော်ရည်နဲ့ ရောပေးမယ်"

"ဟုတ်တယ်၊ သတို့သမီးလည်း သောက်မှပေါ့"

mgyoe.com